
စိတ်ကူးချိုချိုအနုပညာ



# ဉာဏ်ပါပါ စီးပွားရှာ

# INCREASE YOUR FINANCIAL IQ

Robert T.Kiyosaki

အောင်လှိုင် – မြန်မာပြန်

mgyoe.com

mgyoe.com

ပညာရေးစနစ်တစ်ခု အကြီးအကျယ် ပျက်စီးကျရှုံးရခြင်းဟာ

ကျောင်းသားတွေကို ဘဏ္ဍာရေးဆိုင်ရာ အသိပညာ၊ အတတ်ပညာတွေပေးဖို့

စနစ်တစ်ခုကျရှုံးရခြင်းနဲ့ အတူတူပါပဲ ...

ငွေကြေးရှာဖွေမှုနဲ့ ပတ် သက်တဲ့ အသိဉာဏ်ဗဟုသုတနည်းပါးရင်

လူကြီးလူငယ်အားလုံးငွေကို (စနစ်တကျ မဟုတ်ဘဲ) ဖြစ်သလို

ရှာကြတော့မှာပါ။

ကျွန်ုပ်တို့ သိထားကြ သလို "ငွေကို ချစ်တာ မကောင်းဘူး" ... ဆိုတဲ့

အသိဟာ မှန်ကန်မှုမရှိပါဘူး ... ငွေကြေး အမှန်တကယ်ချို့တဲ့နေတဲ့

အခြေအနေကသာ မကောင်းတဲ့ နိမိတ်ပါ။


ငွေဟာ သူ့ချည်းသက်သက် မနှစ်မြို့စရာ မဖြစ်ပါဘူး။

ငွေဟာ လူတိုင်းလိုအပ်တဲ့ အရာတစ်ခု ပါ။ ငွေကို သွားပြီးပတ်သက်တဲ့

သူတွေအပေါ်မှာ မူတည်ပြီး ငွေက ကောင်းခြင်း၊ ဆိုးခြင်းတွေကို

ဖန်တီးပေးတာဖြစ်ပါတယ်။

ဘာပဲဖြစ်ဖြစ် ကျွန်ုပ်တို့အားလုံး ငွေရှာကြရမှာပါ။



mgyoe.com

AH0013

1,700.00 KS

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - အမ်အက်စ်အို
၂၀၁၄၊ မေလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၁၇၀၀ ကျပ်

၈၀၈·၈၃

ညက်ပါပါစီးမွှားရှာ
အောင်လှိုင် - ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ပထမအကြိမ်၊ ၂၀၁၄၊
စာမျက်နှာ ၁၂၅ မျက်နှာ၊ ၁၃ စင်တီ× ၂၈·၅ စင်တီ
(၁) ညက်ပါပါစီးမွှားရှာ

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ဉာဏ်ပါပါစီးပွားရှာ

# INCREASE YOUR FINANCIAL IQ

Robert T.Kiyosaki

အောင်လှိုင်

မြန်မာပြန်

ပထမအကြိမ်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


– စာရေးသူ၏ သဘောထားခံယူချက်များ က

– နိဒါန်း င

၁။ Chapter - 1
What Is Financial Intelligence?
ငွေကြေးဆိုင်ရာ အသိဉာဏ်ပညာဆိုတာ ဘာလဲ ၁

၂။ Chapter - 2
The Five Financial IQs
ငွေကြေးဆိုင်ရာ အသိဉာဏ်ပညာ ၅ မျိုး ၁၇

၃။ Chapter - 3
Financial IQ # 1 Making More Money
ငွေကြေးများစွာ ရှာဖွေခြင်း ၂၇

၄။ Chapter - 4
Financial IQ # 2 : Protecting Your Money
သင့်ငွေကြေးအား ကာကွယ်ခြင်း ၃၄

၅။ Chapter - 5
Financial IQ # 3 ; Budgeting Your Money
ရသုံးငွေအား ခန့်မှန်းတွက်ချက်ခြင်း ၄၆


mgyoe.com

mgyoe.com

၆။ Chapter - 6
**Financial IQ # 4 ; Leveraging Your Money**
သင့်ငွေကြေးအား ဩဇာရှိန်ဝါရှိစေခြင်း ၅၉

၇။ Chapter - 7
**Financial IQ # 5 ; Improving Your Financial Information**
ငွေကြေးဆိုင်ရာ သတင်းအချက်အလက်များ
တိုးတက်စွာ ရရှိစေခြင်း ၈၀

၈။ Chapter - 8
**The integrity of money**
ငွေကြေးတည်တံ့ခိုင်မြဲခြင်း ၉၆

၉။ Chapter - 9
**Developing Your Financial Genius**
သင်၏ ငွေကြေးဆိုင်သော ပင်ကိုစွမ်းရည်အား
ဖွံ့ဖြိုးစေခြင်း ၁၀၄

၁၀။ Chapter - 10
**Developing Your Financial IQ**
သင့် ငွေကြေးဆိုင်ရာ အသိဉာဏ်များအား ဖွံ့ဖြိုးစေခြင်း ၁၁၅

mgyoe.com

mgyoe.com

# စာရေးသူ၏ သဘောထားခံယူချက်များ

## ငွေသည် မနှစ်မြို့စရာကောင်းသော အရာမဟုတ်

ပညာရေးစနစ်တစ်ခု အကြီးအကျယ် ပျက်စီးကျရှုံးရခြင်းဟာ ကျောင်းသားတွေကို ဘဏ္ဍာရေးဆိုင်ရာ အသိပညာ၊ အတတ်ပညာတွေပေးဖို့ စနစ်တစ်ခုကျရှုံးရခြင်းနဲ့ အတူတူပါပဲ ... ငွေကြေးရှာဖွေမှုနဲ့ ပတ်သက်တဲ့ အသိဉာဏ်ဗဟုသုတနည်းပါးရင် လူကြီးလူငယ်အားလုံးငွေကို (စနစ်တကျ မဟုတ်ဘဲ) ဖြစ်သလို ရှာကြတော့မှာပါ။ ကျွန်ုပ်တို့ သိထားကြသလို 'ငွေကို ချစ်တာ မကောင်းဘူး' ... ဆိုတဲ့ အသိဟာ မှန်ကန်မှုမရှိပါဘူး ... ငွေကြေး အမှန်တကယ်ချို့တဲ့နေတဲ့ အခြေအနေကသာ မကောင်းတဲ့ နိမိတ်ပါ။

ငွေကြေးနဲ့ ပတ်သက်ပြီး မကောင်းတဲ့ အခြေအနေအများစုကတော့ အလုပ်ကြိုးကြိုးစားစားလုပ်ပေမဲ့ မိသားစုကို ရှာကျွေးဖို့ဝင်ငွေ မလုံလောက်တာတွေ ... အကြွေးလည်ပင်းလည်းခိုက်နေတာတွေ သင်က ငွေကို တအားခင်လို့ တခြားတစ်ယောက်ယောက်နဲ့ စကားများရတာတွေ၊ ငွေနဲ့ ပတ်သက်ရင် သင်ကလောဘကြီးတတ်တာတွေ၊ စာရိတ္တမဏ္ဍိုင်ပျက်ပြားတဲ့အထိ ငွေကို မသမာတဲ့နည်းနဲ့ ရှာတာတွေပါပဲ။ ငွေဟာ သူ့ချည်းသက်သက် မနှစ်မြို့စရာ မဖြစ်ပါဘူး။ ငွေဟာ လူတိုင်းလိုအပ်တဲ့ အရာတစ်ခုပါ။ ငွေကို သွားပြီးပတ်သက်တဲ့ သူတွေအပေါ်မှာ မူတည်ပြီး ငွေက ကောင်းခြင်း၊ ဆိုးခြင်းတွေကို ဖန်တီးပေးတာဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်ုပ်တို့အားလုံး ငွေရှာကြရမှာပါ။

mgyoe.com

mgyoe.com


**သင့်အိမ်ဟာ အမှန်တကယ် အဖိုးတန်တဲ့ပစ္စည်းတစ်ခုမဟုတ်ပါ**

ငွေကြေးရှာဖွေမှုနဲ့ ပတ်သက်တဲ့ အသိပညာ၊ အတတ်ပညာတစ်ခုမှ မရှိရင် ရှုံးရှုံးမိုက်မိုက်ထင်ရာ စိုင်းတတ်သလို ရှုံးမိုက်သူတွေရဲ့ မကောင်းတဲ့ နည်းလမ်းအတိုင်း လိုက်လုပ်မိမှာ အမှန်ပါပဲ ... ဒါကြောင့် ငွေကြေးအတော်အတန်ချို့တဲ့လာပြီဆိုရင် မိမိနေတဲ့အိမ်ကိုပါ ရောင်းပစ်တတ်ကြတာမို့ သင့်အိမ်ဈေးဘယ်လောက်ပဲတန်တန် အမှန်တကယ် တန်ဖိုးမရှိဘူးလို့ ပြောရတာပါ။ ငွေကြေးရှာဖွေတတ်တဲ့ အသိဉာဏ်၊ ပညာကသာ သင့်အတွက်တန်ဖိုးတက်စေမှာပါ။ အကြွေးလည်ပင်းခိုက်လာတဲ့ သူတွေမှန်သမျှ အိမ်၊ ခြံ၊ မြေ အားလုံးရောင်းပြီး နိမ့်ကျတဲ့ဘဝကို ရောက်တတ်ကြပါတယ်။

**ခေတ်နောက်ကျနေသော အကြံဉာဏ်များ**

ယနေ့ခေတ် ငွေကြေးကျွမ်းကျင်သူအတော်များများက အလုပ်ကြိုးစားရန် ငွေကြေးစုဆောင်းရန် အကြွေးကင်းရန် မိမိရရှိသော ဝင်ငွေနှင့်လောက်ငအောင်သုံးစွဲတတ်ရန်၊ ရင်းနှီးမြှုပ်နှံမှုအစုစု ပြုလုပ်ထားရန် အကြံပေးတတ်ကြသည်။ ထိုအကြံဉာဏ်များသည် ယခင်က တိုးတက်အောင်မြင်မှုရစေသော အကြံဉာဏ်များဖြစ်ခဲ့သော်လည်း ယနေ့ကာလ တိုးတက်မှုလျင်မြန်နေသော အခြေအနေ၌ ခေတ်မမီတော့သော အကြံဉာဏ်များအဖြစ်နောက်ကျကျန်ခဲ့ပြီဖြစ်သည်။

ထို့ကြောင့် ယနေ့ခေတ် "အရင်းရှင်စနစ်လက်သစ်" အတွက် ၎င်းနှင့်ကိုက်ညီသည့် အကြံဉာဏ်များရရှိရန်သာ အရေးကြီးပါသည်။

**သတင်းအချက်အလက်များနှင့် ပညာရေး**

ယနေ့ခေတ် စီးပွားရှာနိုင်မှု၊ ငွေကြေးစုဆောင်းမှုတို့အတွက် ငွေကြေးဆိုင်ရာ အသိဉာဏ်ပညာများ လုံးဝဥဿုံလိုအပ်နေပါသည်။ ငွေကြေးဆိုင်ရာ အသိဉာဏ်ပညာ၌ သတင်းအချက်အလက်များလည်း ပါဝင်ပြီးဖြစ်သည်။

ငွေကြေးဆိုင်ရာ ပညာရပ်အတွက် မည့်သည်အရာတို့ ပါဝင်ပေါင်း

mgyoe.com

mgyoe.com



စပ်ရမည်ကို အောက်ပါညီမျှခြင်းပုံစံဖြင့် ဖော်ပြနိုင်သည်။

| | | | | |
|---|---|---|---|---|
| Information | + | Education | = | Knowledge |
| သတင်းအချက်အလက် | + | ပညာရပ် | = | အသိဉာဏ် - ဗဟုသုတ |

ငွေကြေးဆိုင်ရာပညာရပ်လုံးဝမရှိသူဖြစ်ပါက သတင်းအချက်အလက်များအား အသိဉာဏ်ဗဟုသုတအဖြစ် လက်တွေ့အသုံးချနိုင်မည်မဟုတ်ပေ။ ထို့အတူငွေကြေးနှင့်ပတ်သက်သော အသိဉာဏ်ဗဟုသုတမရှိပါက ငွေကြေးရှာဖွေမှု၌ အတော်အတန် ရုန်းကန်ရတတ်သူဖြစ်ပါမည်။

ငွေကြေးဆိုင်ရာ ဗဟုသုတနည်းပါးသည့်သူ အတော်များများအနေဖြင့် အိမ်များအား (၎င်းတို့၏ တန်ဖိုးရှိပစ္စည်းအဖြစ်) ဝယ်ယူတတ်ကြသည်။ ဤစာအုပ်သည် ငွေရှာဖွေရန်အတွက် အကြံပေးသော စာအုပ်မဟုတ်။ ဤစာအုပ်သည် ငွေရှာမည့်သူ သင့်အတွက် ဘာလုပ်ရမည်ဆိုသည်ကို တိုက်ရိုက်တိုက်တွန်းပေးသည့် စာတစ်အုပ်သာဖြစ်သည်။

သင့်အနေဖြင့် ငွေကြေးဆိုင်ရာ သတင်းအချက်အလက်များအား အသိဉာဏ်ပညာ ဗဟုသုတအဖြစ် မှန်မှန်ကန်ကန် လက်တွေ့အသုံးချနိုင်ရန် ငွေကြေးနှင့်ပတ်သက်၍ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်ရန် ညွှန်ပြသည့်စာအုပ်ပင်ဖြစ်သည်။

mgyoe.com

mgyoe.com

## နိဒါန်း

# Does Money Make You Rich?
# ငွေကသင်ချမ်းသာအောင်လုပ်ပေးပါသလား

ငွေကချမ်းသာအောင် လုပ်ပေးပါသလား ? ... ဟု မေးခဲ့ပါက "မဟုတ်ပါ" ဟု အဖြေပေးရပါမည်။ ငွေကြေးတစ်ခုတည်းသက်သက်ဖြင့် မည်သူကိုမှ ချမ်းသာအောင် လုပ်မပေးနိုင်ပါ။ ကျွန်ုပ်တို့ အားလုံးသိထားပြီးသည့်အတိုင်း လူတိုင်းနေ့စဉ် အလုပ်သို့သွား၍ ငွေကြေးအတွက် အလုပ်အမျိုးမျိုး လုပ်ကြရသည်။ ငွေများစွာရအောင် ရှာကြသော်လည်း ချမ်းသာလာနိုင်မည့်အခွင့်အရေးများ မရှိသလောက် ရှားပါးခဲ့ရသည်။ ဆင်းရဲသူတို့၏ ထုံးစံအရ ကြွေးမြီများရှိနေခြင်းကြောင့် လစဉ်ဝင်ငွေများ၌ တစ်စတစ်စ ပွန်းပဲ့လာရသည်။

တချို့သော ထီ(ဆုကြီး) ပေါက်သူများသည် နေ့ချင်းညချင်း မီလျံနာ ဖြစ်လာကြသော်လည်း အချိန်တစ်ခဏအတွင်းမှာပင် ဆင်းရဲသောဘဝသို့ ပြန်လည်ရောက်ရှိသွားတတ်ကြသည်။ ယင်းမှာ ငွေကြေးဆိုင်ရာ ပညာဗဟုသုတလုံးဝမရှိခြင်း၏ အကျိုးဆက်ပင် ဖြစ်သည်။

တချို့သော အိမ်ခြံမြေရောင်းဝယ်ရေးလုပ်ငန်းလုပ်သူတို့သည် နှစ်အနည်းငယ်အတွင်းမှာပင် စီးပွားဖြစ်လာကြသော်လည်း ငွေကြေးကိုင်တွယ်စီမံမှုညံ့ဖျင်းသောကြောင့် ၎င်းတို့ ဝယ်ယူစုဆောင်းထားသည့် အိမ်

mgyoe.com

mgyoe.com



များ အားလုံးရောင်းချ၍ အကြွေးဆပ်ရတတ်ပြီး ဆင်းရဲသောဘဝသို့ ရောက်သွားတတ်ကြသည်။ တစ်ဖန် တချို့သော စီးပွားရေးသမားများ သည် စတော့ရှယ်ယာဈေးကွက်၌ ရင်းနှီးမြှုပ်နှံလိုက်သောကြောင့် ငွေပင် ငွေရင်း အားလုံးဆုံးရှုံးသွားရတတ်သည်။

(စာရေးသူ) ကျွန်တော်ငယ်ရွယ်စဉ်က ရွှေတွေနဲ့ ရင်းနှီးမြှုပ်နှံမှုလုပ် ခဲ့ဖူးတယ်။ ရွှေတွေနဲ့ ရင်းနှီးမြှုပ်နှံစီးပွားရှာတာကို ကျွန်တော် အိမ်၊ ခြံ၊ မြေအရောင်းအဝယ်လုပ်ငန်းမလုပ်ခင်ကတည်းက စလုပ်ခဲ့ပါတယ်။

ကျွန်တော်အသက် ၂၅ နှစ်အရွယ် ၁၉၇၂ ခုနှစ်တုန်းက ရွှေဒင်္ဂါး ပြားတွေ စပြီးဝယ်ခဲ့ဖူးတယ်။ အဲဒီခေတ်က ရွှေဈေးဟာ တစ်အောင်စကို ဒေါ်လာ '70' နီးပါးထိ ဈေးရှိခဲ့တယ်။ ၁၉၈၀ ပြည့်အရောက်မှာ ရွှေဈေး ဟာ တစ်အောင်စကို ဒေါ်လာ '800' အထိ ဈေးတက်လာခဲ့တယ်။ ဒီအခြေ အနေမှာ ကျွန်တော်ဝယ်ထားတဲ့ ရွှေတွေ ဈေးတက်နေလို့ ကျွန်တော်စိတ် ထဲမှာ ပျော်ရွှင်ကြည်နူးမှုတွေနဲ့ ပြည့်နှက်နေခဲ့ပြီး သွေးနားထင်ရောက်ခဲ့ပါ တယ်။ ကျွန်တော့်ရဲ့လောဘစိတ်က သတိတရားကို ကင်းလွတ်စေခဲ့တာ အမှန်ပါ။ သည်ကြားထဲမှာ "ရွှေတစ်အောင်စကို ဒေါ်လာ 2500 အထိ တက်တော့မယ်"... ဆိုတဲ့ ကောလာဟလ စကားတွေကလည်း ပျံ့နှံ့နေခဲ့ တယ်။ ဒီတော့ ကျွန်တော်ဟာ လောဘကြီးတဲ့သူပီပီ ရွှေတွေကို စပြီးလိုက် ဝယ်ပါတော့တယ် ... ကျွန်တော်ဟာ ရွှေဈေးတွေကောင်းတော့မယ်ဆိုတဲ့ စိတ်ကူးနဲ့ ရှိသမျှငွေအကုန်သုံးပြီး ရွှေတွေဝယ်ရင်းနဲ့ ချမ်းသာလာမယ့်ရက် ကို စောင့်မျှော်နေခဲ့ပါတယ်။

တစ်နှစ်လောက် ကြာပြီးတဲ့နောက်မှာ ရွှေဈေးက တစ်အောင်စကို ဒေါ်လာ 500 ထိ ကျဆင်းခဲ့ပါတယ်။ ဒါနဲ့ ကျွန်တော်လည်း ရွှေတွေကို ကျဈေးနဲ့ပဲ ရောင်းလိုက်ရပါတော့တယ်။

ကျွန်တော်တွေ့ကြုံဖြတ်သန်းလာရတဲ့ ရွှေလောကမှာ ၁၉၈၀ ပြည့် နှစ်ကနေ ၁၉၉၉ ခုနှစ်ထိ ခုနှစ်အလိုက် ရွှေဈေးတဖြည်းဖြည်း ကျလာခဲ့တာ ဟာ နောက်ဆုံးရွှေတစ်အောင်စကို ဒေါ်လာ 250 ထိ ကျလာတာတွေ့ရပါ တယ်။

ကျွန်တော့်ဘဝမှာ ငွေကြေးကို ဘယ်လိုစီမံခန့်ခွဲရမယ်ဆိုတာ "ရွှေ"

mgyoe.com

mgyoe.com



က သင်ခန်းစာအများကြီး ပေးသွားပါတယ်။ ဒီတော့ ကြီးပွားချမ်းသာခြင်း ဆိုတာ ရွှေတွေ ငွေကြေးတွေက ဖန်တီးပေးတာမဟုတ်ဘဲ ငွေရှာခြင်းနဲ့ ပတ်သက်တဲ့ သတင်းအချက်အလက် အသိပညာဗဟုသုတ၊ နည်းနာတွေ ကသာ ကြီးပွားချမ်းသာခြင်းကို ဖြစ်စေတယ်ဆိုတာ ကျွန်တော်နားလည် လိုက်ပါတယ်။

❐

mgyoe.com

mgyoe.com

# Chapter - 1
## What Is Financial Intelligence?
## ငွေကြေးဆိုင်ရာအသိဉာဏ်ပညာဆိုတာဘာလဲ

ကျွန်တော် ၅ နှစ်သားအရွယ်လောက်မှာ အရေးပေါ် ခွဲစိတ်ကုသခံရဖို့ ဆေးရုံတက်ခဲ့ရပါတယ် ... ကျွန်တော့်နားမှာ ကူးစက်ရောဂါပိုးတစ်ခုကြောင့် အပြင်းအထန်နာကျင်ပြီး ဆေးရုံတက်ရတာပါ။ ကံဆိုးချင်တော့ ကျွန်တော် ဆေးရုံတက်ကုသနေတုန်းမှာ "ရေကျောက်" ရောဂါထပ်ဖြစ်ပြန်ပါတယ်။ ကျွန်တော့်ကို ဆေးရုံမှာ အဖေနဲ့ ညီလေးက ထွေးပွေ့ထားကြတယ်။ ကျုန်တဲ့ ညီမလေးနှစ်ယောက်ကတော့ ဆေးရုံအပြင်ဘက်မြက်ခင်းပြင်မှာ မတ်တတ်ရပ်ရင်း ကျွန်တော်မြင်ရတဲ့ ပြတင်းပေါက်ဘက်ကို လက်လှမ်းပြနေကြတယ်။ ကျွန်တော့်အမေကတော့ ဆေးရုံကို မလာနိုင်ပါဘူး။ အမေခမျာလည်း နှလုံးအားနည်းတဲ့ရောဂါနဲ့ အိပ်ရာထဲလဲနေတာ ရက်အတော်ကြာပါပြီ ...

အဲဒီတစ်နှစ်အတွင်းမှာ ကျွန်တော့်ညီလေးက ဆေးရုံတက်ရပြန်တယ် ... ညီလေးက ကားဂိုဒေါင်ထဲမှာ ချော်လဲကျတာ ခေါင်းထိသွားခဲ့လို့၊ နောက်တစ်ခါ ညီမလေးတစ်ယောက်က ဒူးခေါင်းခွဲစိတ်ကုသခံဖို့ ဆေးရုံတက်ရသေးတယ် ... ဒါတင်မကသေးပါဘူး နောက်ထပ်ညီမတစ်ယောက်ရယ်၊ အငယ်ဆုံးလေးဖြစ်တဲ့ မွေးကင်းစကလေးငယ်လေးရယ်ပါ အရေပြားကူးစက်ရောဂါပိုးကြောင့် ဆေးရုံတက်ရပါတယ်။

mgyoe.com

mgyoe.com


ကျွန်တော်အပါအဝင် မောင်နှမအားလုံးနီးပါး ဆေးရုံတက်လိုက်ရတဲ့ အဲဒီနှစ်ဟာ အဖေ့အတွက်တော့ အတော်စိတ်ဒုက္ခရောက်တဲ့နှစ်ဆိုတာ မပြောဘဲနဲ့ သိနိုင်ပါတယ်။ အဖေရယ် အမေရယ် ကျွန်တော်တို့ မောင်နှမ ၄ ယောက်ရယ်ရှိတဲ့ မိသားစု ၆ ယောက်ထဲမှာ အဖေကတော့ ဘာရောဂါဝေဒနာမှမဖြစ်တဲ့ တစ်ဦးတည်းသော ပုဂ္ဂိုလ်ပါ ... ဒီလိုနဲ့ ရက်အတော်ကြာပြီးတဲ့နောက်မှာ ကျွန်တော်တို့မောင်နှမတွေအားလုံး နေပြန်ကောင်းပြီဆိုတဲ့ ကောင်းသတင်းကို ကြားလိုက်ရတယ်။ ဒါပေမဲ့ ဆိုးသတင်းကလည်း နောက်ကနေ ထက်ကြပ်မကွာ ကပ်လိုက်လာပါတယ်။ အဲဒါကတော့ ဆေးကုသခံထားတဲ့ ကုန်ကျစရိတ် အကြွေးစာရင်းပါပဲ။ အဖေ့ခမျာ သားသမီးတွေ နေပြန်ကောင်းလာလို့ စိတ်မပျော်ရဘဲ အကြွေးအတွက် စိတ်ပူနေရရှာတာပေါ့။

ကျွန်တော်တို့ ဆေးရုံတက်ရတဲ့ နှစ် ... ကုန်ငွေနဲ့ အကြွေးတွေတင်ရတဲ့ အဲဒီနှစ်မှာပဲ "ဟာဝိုင်အီ" တက္ကသိုလ်ကနေ အဖေဘွဲ့ရခဲ့တယ်။ အဖေဟာ ကျောင်းမှာ စာတော်တဲ့သူတစ်ဦးပါ။ ဒါကြောင့်လည်း ဉာဏ်ရည်ထက်မြက်သူပီပီ နှစ်နှစ်တည်းနဲ့ ဘွဲ့ရအောင် ယူနိုင်ခဲ့တာပေါ့။ အဖေ့ရဲ့ စိတ်ကူးအိပ်မက်ကတော့ တစ်နေ့မှာ ကောလိပ်ပရော်ဖက်ဆာ တစ်ဦးဖြစ်ဖို့ပါ။ ဒါပေမဲ့ လက်ရှိအခြေအနေမှာတော့ ပရော်ဖက်ဆာဖြစ်ဖို့ အခြေအနေ လုံးဝမပေးပါဘူး။ မိသားစုဝင် ၆ ဦးရပ်တည်နိုင်ဖို့ရယ်၊ အကြွေးတွေပြန်ဆပ်နိုင်ဖို့ရယ် အဖေ့အတွက် အရေးတကြီးဖြေရှင်းရမယ့် ကိစ္စတွေပါ။

အဖေဟာ လက်တွေ့ဘဝကို ရင်ဆိုင်နိုင်ဖို့ သူ့ရဲ့ စိတ်ကူး အိပ်မက်တွေကို လက်လျှော့လိုက်တယ်။ အဖေက ဟာဝိုင်အီကျွန်းက "Hilo" အမည်ရှိတဲ့ မြို့လေးမှာ လက်ထောက်ကျောင်းအုပ်ရာထူးနဲ့ အလုပ်ဝင်လုပ်လိုက်တယ်။ နှစ်တွေကြာလာတာနဲ့အမျှ အဖေလည်း ရာထူးအဆင့် တက်လာခဲ့တယ်။ ဒါပေမဲ့ အဖေအသက် ၅၀ နှစ်အရွယ်မှာ ရုတ်တရက် အလုပ်ပြုတ်သွားခဲ့တယ်။ ရွေးကောက်ပွဲပြီးသွားလို့ သိပ်မကြာခင်မှာဘဲ အမေက နှလုံးရောဂါနဲ့ ဆုံးပါးခဲ့တယ်။ အဖေ့အတွက်တော့ အစားထိုးလို့ မရနိုင်တဲ့ လုံးဝဖြေဆည်လို့မရနိုင်တဲ့ ဆုံးရှုံးမှုကြီးပေါ့။

အဖေအလုပ်လက်မဲ့ဖြစ်နေချိန်မှာ ငွေကြေးပြဿနာအခက်အခဲတွေ

mgyoe.com

mgyoe.com


က တစ်နေ့တခြား ပိုများလာတယ်။ ဒီလိုနဲ့ အဖေက သူ့ ရပိုင်ခွင့် ခံစားခွင့်တွေကို ထုတ်ယူပြီး ရေခဲမုန့်လုပ်ငန်းတစ်ခုမှာ ရင်းနှီးမြှုပ်နှံလိုက်တယ်။ ဒါပေမဲ့ ငွေအားလုံးဆုံးရှုံးသွားရုံကလွဲပြီး ဘာတစ်ခုမှ အကျိုးမရှိခဲ့ပါဘူး။ ရာသီအလီလီပြောင်းလို့ အသက်အရွယ်အိုမင်းလာတဲ့ အဖေဟာ သားသမီးတွေကို ရှေ့တန်းတင်ပြီး နောက်ကနေ ကူညီပံ့ပိုး ပေးနိုင်မယ်လို့ ဆုံးဖြတ်ခဲ့တယ်။ အဖေဟာ အလုပ်လက်မဲ့ဖြစ်ပြီး တတ်ထားတဲ့ ပညာကိုလည်း လက်တွေ့အသုံးမချနိုင်တော့လို့ ကိုယ့်ကိုယ်ကိုယ် စိတ်တိုင်းမကျ အားမလို အားမရ ဖြစ်ခဲ့ရတယ်။ တစ်နေ့မှာ အဖေက "ငါနဲ့ သက်တူရွယ်တူ ကျောင်းနေဖက်သူငယ်ချင်းတွေအားလုံး ချမ်းသာကုန်ကြပြီ" "ငါ ဘာလုပ်ရင် ကောင်းမလဲ?" ငါ့ဘဝတစ်လျှောက်လုံး ဟာဝိုင်အီက ကလေးတွေကို စာသင်ရင်းနဲ့ အချိန်ကုန်လာခဲ့ပေမဲ့ ဘာမှဖြစ်မလာခဲ့ဘူး" လို့ ရင်ဖွင့်ပါတယ်။

အဖေ့အသက် ၇၂ နှစ်အရွယ်မှာ ကင်ဆာရောဂါနဲ့ မဆုံးခင် ကျွန်တော့်ကို သူအနားခေါ်ပြီး "အဖေသားသမီးတွေကို ပြည့်ပြည့်စုံစုံနဲ့ တာဝန်ကျေအောင် မထားနိုင်ခဲ့တာကို တောင်းပန်ပါတယ် သားရယ်" ... လို့ ပြောတော့ ကျွန်တော်လည်း အဖေရဲ့လက်ကို ဆုပ်ကိုင်ပြီး အားပါးတရ ငိုချလိုက်ပါတယ်။

## ငွေကြေးမလုံလောက်တဲ့ ပြဿနာ

ကျွန်တော့်ဖခင်ဟာ ဘဝတစ်လျှောက်လုံး ငွေကြေးပြဿနာတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ အဖေငွေကို ဘယ်လောက်ပဲကြိုးစားရှာရှာ လောက်တယ်ရယ်လို့ တစ်ခါမှမရှိခဲ့ပါဘူး။ အဖေဟာ ငွေကြေးကြွယ်ဝချမ်းသာအောင် မစွမ်းဆောင်နိုင်ခဲ့ပေမဲ့ ကျောင်းသားများစွာကို (ဘဝတစ်သက်တာ အားကိုးနိုင်မယ့်) ပညာတွေအများဆုံး ပေးခဲ့ပါတယ်။ ကျွန်တော် ၉ နှစ်သားအရွယ်လောက်မှာ အဖေက ကျွန်တော့်ကို ငွေကြေးပြဿနာတွေနဲ့ ပတ်သက်တဲ့ ဗဟုသုတတွေ ပြောပြခဲ့ဖူးတယ်။ အဖေ့ရဲ့ ပြောစကားတွေမှာ ငွေကြေးနှင့် ပတ်သက်တဲ့ အသိဉာဏ်ပညာတွေ မဖြစ်မနေ ရှိထားဖို့လိုတဲ့ အကြောင်းအမြဲပါလေ့ ရှိတယ်။ အဖေပြောပြတဲ့ ပညာရမယ့် အကြောင်း

mgyoe.com

mgyoe.com


အရာတွေကတော့ အောက်ပါအတိုင်းဖြစ်ပါတယ်။

**ဆင်းရဲသူများနှင့် ပတ်သက်သော ငွေကြေးပြဿနာများ**

၁။ လုံလောက်သော ငွေကြေးမရှိခြင်း
၂။ ငွေကြေးမလုံလောက်ဘဲ အကြွေးဝယ်ကတ်ကို အသုံးပြုခြင်း
၃။ လူနေမှုစရိတ်မြင့်တက်လာခြင်း
၄။ အခွန်အခများစွာ ပေးဆောင်ရခြင်း
၅။ အရေးပေါ်ဆေးကုသရမည့် အခြေအနေအတွက် ကြိုတင်စိုးရိမ်နေရခြင်း
၆။ ငွေကြေးနှင့်ပတ်သက်သည့် မကောင်းသော အကြံဉာဏ်များ ရရှိခြင်း
၇။ အငြိမ်းစား လစာငွေဖြင့် လုံလောက်စွာ မရပ်တည်နိုင်ခြင်း

**ချမ်းသာသူများနှင့် ပတ်သက်သော ငွေကြေးပြဿနာများ**

၁။ ငွေပမာဏများစွာ ရှိနေခြင်း
၂။ ငွေကြေးလုံခြုံစိတ်ချမှုနှင့် ရင်းနှီးမြှုပ်နှံမှုများ လိုအပ်နေခြင်း
၃။ ငွေကြေးများစွာအား မည်သို့ စီမံခန့်ခွဲရမည်ကို မသိရှိခြင်း
၄။ ကျွမ်းကျင်သော ငွေကြေးစီမံမှုဆိုင်ရာ အကြံပေးလိုအပ်နေခြင်း
၅။ ငွေကြေးဖြုန်းတီးသည့် သားသမီးများ ရှိနေခြင်း
၆။ အိမ်ခြံမြေ ပိုင်ဆိုင်မှုနှင့် အမွေအနှစ် ရရှိခြင်း
၇။ အစိုးရမှ အခွန်စည်းကြပ်မှု လွန်ကဲခြင်း

အထက်ပါ ဖော်ပြချက်အတိုင်း ချမ်းသာကြွယ်ဝသူရော ဆင်းရဲသူပါ ငွေကြေးပြဿနာတစ်မျိုးမျိုးစီရှိနေတယ်ဆိုတာ သိသာ ထင်ရှားပါတယ်။

**ငွေကြေးပြဿနာအား အဆင်ပြေစွာ မဖြေရှင်းနိုင်ခြင်း**

လူအများစု၏ တွေးတောထင်မြင်ချက်အရ ငွေကြေးကြွယ်ဝချမ်းသာလာပြီဆိုရင် ငွေကြေးနဲ့ ပတ်သက်တဲ့ ပြဿနာမှန်သမျှအောင်အောင်

mgyoe.com

mgyoe.com


မြင်မြင်နဲ့ ဖြေရှင်းနိုင်မယ်လို့ ယုံကြည်နေကြပါတယ်။ ဒါပေမဲ့ ငွေတွေများလွန်းလို့ ငွေကြေးပြဿနာတွေ ဖြစ်တယ်ဆိုတာကို သူတို့ နားမလည်ကြပါဘူး။ ငွေကြေးကြွယ်ဝပြီး အောင်မြင်ကျော်ကြားသူတွေရဲ့ ဘဝတွေဟာ ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှုတွေညံ့ခဲ့လို့ ထိပ်ဆုံးကနေ အောက်ဆုံးကို လိမ့်ဆင်းသွားရတဲ့ အခြေအနေတွေ အများကြီးရှိပါတယ်။

တချို့သူတွေဟာ ထီပေါက်လို့ ဒေါ်လာသန်းထောင်ချီပြီး ချမ်းသာလာကြတယ်။ဒါပေမဲ့ နှစ်အနည်းငယ်အတွင်းမှာပဲကြွေးတွေဝိုင်းဝိုင်းလည်ပြီး ရှိသမျှထုခွဲရောင်းချပြီး ကြွေးဆပ်ရတဲ့ဘဝကို ရောက်သွားရတယ်။ နောက်တစ်ဦးကတော့ ပြေးခုန်ပစ်အားကစားသမားတစ်ဦးပါ။ ကြေးစားအဆင့် အားကစားသမားဆိုတော့ အိမ်ကြီးအိမ်ကောင်း အခြွေအရံတွေနဲ့ နေနိုင်တဲ့အထိ ချမ်းသာကြပါတယ်။ ဒါပေမဲ့ သူအားကစားသမား မလုပ်နိုင်တော့တဲ့နောက်မှာ စီးပွားဆုတ်ယုတ်ပြီး နောက်ဆုံးမှာ တံတားအောက်သွားနေရတဲ့ ဘဝကို ရောက်သွားခဲ့တယ်။ နောက်ထပ်ကျော်ကြားသူတစ်ဦးကတော့ "ရှော့ခ်တေးသံရှင်" (နာမည်ကျော်)တစ်ယောက်ပါ။ သူဟာ အသက် ၂၀ ဝန်းကျင်လောက်ကတည်းက ဒေါ်လာသန်းချီချမ်းသာခဲ့သူဖြစ်တယ်။ ဒါပေမဲ့ အသက် ၃၀ ဝန်းကျင်အရောက်မှာ အကြောင်းအမျိုးမျိုးနဲ့ သူရဲ့ငွေတွေ ဆုံးရှုံးသွားရတယ်။

ဒါကြောင့် ငွေကြေးတစ်ခုတည်းသက်သက်နဲ့ ငွေကြေးပြဿနာတွေကို ဖြေရှင်းလို့မရဘူးဆိုတာ အထက်ပါသာဓကတွေက အထင်အရှားပြနေပါတယ်။ ကမ္ဘာပေါ်မှာရှိတဲ့ တချို့သောအလုပ်သမားတွေဟာ အလုပ်ကို အလွန်ကြိုးစားကြပေမယ့် လုံလောက်တဲ့ ဝင်ငွေမရရှာကြပါဘူး။ ဒါပေမဲ့ မိသားစုအတွက် ကုန်ကျတဲ့ ထွက်ငွေနဲ့ဝင်ငွေက မမျှတတော့ နောက်ဆုံးမှာ အကြွေးပင်လယ်ဝေကြရပါတယ်။

**ငွေကြေးလောက်ငမှုမရှိသူတို့ အများဆုံးကြုံကြရသည့် ပြဿနာများ**

ငွေကြေးချို့တဲ့သူတို့၏ ရင်တွင်းစကားများအတိုင်း ဖော်ပြလိုက်ပါသည်။

၁။ "ကျွန်တော်ဘဝရပ်တည်ဖို့ လုံလောက်တဲ့ ငွေမရှိပါဘူး"

mgyoe.com

mgyoe.com


၂။ "ကျွန်တော်အကြွေးလည်ပင်းခိုက်နေတယ်"

၃။ "ကျွန်တော်အိမ်တစ်လုံးတောင် မဝယ်နိုင်ဘူး"

၄။ "ကျွန်တော့်ကားပျက်သွားပြီ၊ ကားပြင်ဖို့ ပိုက်ဆံဘယ်မှာသွားရှာရမှာလဲ?"

၅။ "ကျွန်တော့်မှာ ဒေါ်လာ 10000 ရှိတယ်။ ကျွန်တော် ဘယ်မှာ ရင်းနှီးမြှုပ်နှံသင့်သလဲ?"

၆။ "ကျွန်တော့် သားသမီးတွေက ကောလိပ်တက်ချင်နေတယ် ဒါပေမဲ့ ကျွန်တော်မှာ ငွေမရှိဘူး"

၇။ "အလုပ်မှ အနားယူနိုင်လောက်တဲ့အထိ လုံလောက်တဲ့ငွေ ကျွန်တော်မှာ မရှိဘူး"

၈။ "ကျွန်တော့်အလုပ်ကို ကျွန်တော်သဘောမကျဘူး။ ဒါပေမဲ့ ဒီအလုပ်ကလည်း မထွက်နိုင်သေးဘူး"

၉။ "ကျွန်တော်အခု အလုပ်က နားလိုက်ပြီ။ ကျွန်တော်ငွေလည်း ပြတ်နေတယ်"

၁၀။ "ကျွန်တော်အခု ခွဲစိတ်ကုသဖို့ မတတ်နိုင်ဘူး"

ငွေကြေးဆိုင်ရာ အသိဉာဏ်ပညာသည် ငွေကြေးဆိုင်ရာ ပြဿနာအမျိုးမျိုးအား ဖြေရှင်းပေးနိုင်သော်လည်း လုံလောက်ပြည့်စုံသော အသိဉာဏ်ပညာမရှိသေးခြင်းကြောင့် ပြဿနာဖြေရှင်းရာ၌ အခက်အခဲရှိနေဆဲဖြစ်သည်။ ဥပမာအားဖြင့် ကမ္ဘာ့နိုင်ငံများရှိ သန်းချီသော အလုပ်သမားများအဖို့ လုံလောက်သောငွေမရှိခြင်းကြောင့် အငြိမ်းစားယူရန် အခက်အခဲရှိနေသည့်ဘဝကို ရည်ညွှန်းသည်။

**ငွေကြေးပြဿနာများအား ဖြေရှင်းပေးနိုင်ခြင်းဖြင့် ဘဝ၏ အောင်မြင်မှု ရရှိခြင်း**

ငွေကြေးဆိုင်ရာ ပြဿနာများအား ဖြေရှင်းနိုင်လေလေ ... ငွေကြေးဆိုင်ရာ အသိဉာဏ်ပညာတွေ ပိုပိုတိုးလာလေဖြစ်ပြီး ချမ်းသာကြွယ်ဝသူဖြစ်လာပါမည်။

အကယ်၍ သင်သည် ငွေကြေးပြဿနာများအား ဖြေရှင်းနိုင်ခြင်းမရှိပါက ဆင်းရဲဒုက္ခရောက်၍ ဘဝပျက်ရတတ်သည်။ ထို့ကြောင့် မည်သူ

mgyoe.com

mgyoe.com


မဆို ငွေကြေးပြဿနာများ တာရှည်ခြင်းမရှိစေရန် သတိပြုသင့်သည်။

လူတစ်ဦး၌ ငွေကြေးပြဿနာရှိနေခြင်းကို သွားကိုက်ဝေဒနာ ခံစားရပုံနှင့် ဥပမာ ပေးနိုင်ပါသည်။ အကယ်၍ သွားကိုက်သော ဝေဒနာအား ကုသခြင်းမရှိပါက အချိန်ကြာသလောက် အခြေအနေပိုမိုဆိုးရွားသွားမည် ဖြစ်သည်။ ၎င်းပြင် ဝေဒနာကြောင့် အလုပ်ကောင်းစွာ မလုပ်နိုင်ဘဲ ဝင်ငွေရရှိမည့်အခွင့်အရေးများလည်း ဆုံးရှုံးသွားမည်ဖြစ်သည်။ သွားကိုက်ဝေဒနာခံစားရသူ (ငွေကြေးပြဿနာရှိသူ) အနေဖြင့် ရောဂါပိုးမွှားများ (နောက်ဆက်တွဲ ပြဿနာများ) မဝင်ရောက် (မဖြစ်ပေါ်) စေရန် အချိန်မီ ကုသ (ဖြေရှင်း) ရမည် ဖြစ်သည်။ မည်သည့်ငွေကြေးပြဿနာကိုမဆို သွားနာသွားကိုက်စတင်ဖြစ်ပေါ်သည့် (သေးငယ်သော) အခြေအနေမှာက တည်းကပင် အမြစ်ပြတ်အောင် ကုသ (ဖြေရှင်း) သင့်သည်။

## ဆင်းရဲရသည့် အကြောင်းအရင်း

ဆင်းရဲခြင်းသည် ပြဿနာဖြေရှင်းနိုင်ခြင်းထက် ပို၍ ကြီးမားသော ပြဿနာတစ်ရပ်ဖြစ်သည်။ ၎င်းပြင် ဆင်းရဲခြင်းသည် ငွေကြေးဆိုင်ရာ ပြဿနာများ လွှမ်းမိုးခံရသူတို့ ဖြေရှင်းနိုင်ခြင်းမရှိသည့် နောက်ဆက်တွဲ ရလဒ်ပင်ဖြစ်သည်။ ဆင်းရဲခြင်းကိုဖြစ်စေသည့် ငွေကြေးနှင့် ဆက်နွှယ်ပတ်သက်သောပြဿနာများမှာ မူးယစ်ဆေးသုံးစွဲခြင်း၊ အိမ်ထောင်ဖက်ရွေးချယ်မှုမှားယွင်းခြင်း၊ ရာဇဝတ်ကောင်များနှင့် အိမ်နီးချင်းဖြစ်ရခြင်း၊ မိမိလုပ်သောအလုပ်၌ ကျွမ်းကျင်မှုမရှိခြင်း၊ လုပ်ငန်းခွင်သွားရန်အတွက် လမ်းပန်းဆက်သွယ်ရေးမကောင်းခြင်း၊ မိမိကျန်းမာရေးကို မစောင့်ရှောက်နိုင်ခြင်းတို့ပင် ဖြစ်သည်။

ယနေ့ခေတ်၌ ခေတ်စားသော ငွေကြေးဆိုင်ရာပြဿနာအများစုတွင် လုပ်ခနည်းပါးစွာရရှိပြီး ကြွေးမြီများပြားနေခြင်း၊ ငွေကြေးပြဿနာအား စနစ်တကျကိုင်တွယ်ဖြေရှင်းနိုင်မှုမရှိခြင်းတို့ ပါဝင်ကြသည်။ လုပ်ခလစာနည်းပါးစွာ ရရှိသူတို့အနေဖြင့် ပင်လယ်ရပ်ခြား တိုင်းပြည်များသို့ သွားရောက်၍ အလုပ်လုပ်တတ်ကြသည်။ သို့သော် လစာများများ ရရှိရေးအတွက် အမိကဦးတည်နေသောကြောင့် စက်ရုံအလုပ်ရုံများတွင် အလုပ်

mgyoe.com

mgyoe.com


လုပ်သူတို့ထက် ဝန်ဆောင်မှုပေးရသည့် (ဟိုတယ်၊ စားသောက်ဆိုင်) တို့တွင် လုပ်ကိုင်သူတို့က ပိုမိုများပြားလာကြောင်း လေ့လာတွေ့ရှိရသည်။ **လွန်ခဲ့သော ဆယ်စုနှစ် ၅ နှစ်အတွင်းက ပညာများစွာတတ်ရန်မလိုဘဲ** အလုပ်အကိုင်ကောင်းကောင်း ဝင်ငွေကောင်းကောင်း ရှာနိုင်ခဲ့ကြသည်။ အကယ်၍ မည်သူမဆို အထက်တန်းအောင်လက်မှတ်တစ်ခုရရှိပြီးသည်ဆိုသည်နှင့် အသက်ငယ်ငယ်ရွယ်ရွယ်ဖြင့်ပင် ဝင်ငွေကောင်းကောင်းရှာနိုင်ခဲ့ကြသည်။ လူငယ်အများစုအနေဖြင့် ဝင်ငွေကောင်းသော အလုပ်များဖြစ်သည့် ကားထုတ်လုပ်ရေးလုပ်ငန်း၊ စတီးလုပ်ငန်း၊ ဘာဂါမုန့်ထုတ်လုပ်ရေးလုပ်ငန်းများ၌ အများဆုံးဝင်ရောက်လုပ်ကိုင်ခွင့်ရကြသည်။

လွန်ခဲ့သော နှစ်ပေါင်း ၅၀ က ကုမ္ပဏီအများစုသည် အလုပ်သမားများ၏ လူနေမှုဘဝအဆင်ပြေတိုးတက်စေရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်နှင့် အငြိမ်းစား ခံစားခွင့်များစီစဉ်ထားရှိပေးတတ်ကြသည်။ ယနေ့ခေတ် အလုပ်သမားများအနေဖြင့် အိမ်ထောင်စုတစ်စုချင်းစီ၏ အခြေခံလိုအပ်ချက်များကိုပင် လုံလောက်စွာ ဖြည့်ဆည်းနိုင်ခြင်းမရှိသောကြောင့် ကျန်းမာရေးအတွက် အနိုင်နိုင်ဖြစ်နေကြရသည်။

### ငွေကြေးပုံစံပြောင်းလဲခြင်းနှင့်ဆိုင်သော ဥပဒေ

၁၉၇၁ ခုနှစ်တွင် သမ္မတနိုက်ဆွန်က ငွေကြေးစံနှုန်းအား ရွှေဖြင့်သတ်မှတ်ခဲ့သည်။ ထိုသို့သော စီးပွားရေးမူဝါဒသည် ငွေကြေးပုံစံအားပြောင်းလဲခြင်းများစွာ ဖြစ်ပေါ်စေခဲ့သည်။ ထိုသို့သော အပြောင်းအလဲသည် ကမ္ဘာ့သမိုင်း၌ အကြီးကျယ်ဆုံးသော ငွေကြေးပုံစံအပြောင်းအလဲပင် ဖြစ်သည်။ ငွေကြေးပုံစံအပြောင်းအလဲများ၏ အကျိုးဆက်အရ ဈေးကွက်အားများစွာ ထိခိုက်စေခဲ့သည်။

၁၉၇၁ ခုနှစ်တွင် သမ္မတနိုက်ဆွန်း၏ စီးပွားရေးပေါ်လစီအရ ဒေါ်လာငွေတန်ဖိုး အပြောင်းအလဲများစွာ ဖြစ်ပေါ်ခဲ့သည်။

"Currency" (ငွေကြေး၊ လက်ရှိသုံးစွဲနေသောငွေကြေး) ဟူသည့်စကားအဓိပ္ပာယ်သည် "လျှပ်စစ်စီးကြောင်း "(သို့)" သမုဒ္ဒရာရေစီးကြောင်းများဟူသော အဓိပ္ပာယ်နှင့် "movement" (လှုပ်ရှားမှု) ဟူသည့် အဓိပ္ပာယ်

mgyoe.com

တို့မှ လာသော တင်စားသည့် စကားရပ်သာဖြစ်သည်။ တစ်နည်းအားဖြင့် ငွေကြေးသည် သက်ဝင်လှုပ်ရှားနေရန် လိုအပ်သော အခြေအနေတွင် ရှိရပြီး ငွေကြေးလှုပ်ရှားမှုမရှိခဲ့ပါက ငွေကြေးတန်ဖိုးလည်း လျော့ကျသွားမည် ဖြစ်သည်။ အကယ်၍ ငွေကြေးတန်ဖိုးလျော့ကျမှု မြင့်တက်လာခဲ့ပါက ဈေးကွက်ဆိုင်ရာ လုပ်ငန်းများလည်း အဆင့်ဆင့် ရပ်ဆိုင်းသွားမည်ဖြစ်သည်။

ပထမကမ္ဘာစစ်နောက်ပိုင်းဂျာမန်အစိုးရက ငွေစက္ကူများစွာ ရိုက်နှိပ်ထုတ်ဝေခဲ့ခြင်းကြောင့် ငွေကြေးဖောင်းပွမှုမြင့်တက်လာကာ လူလတ်တန်းစားတို့၏ စုဆောင်းငွေ တန်ဖိုးများလည်း လျော့ကျခဲ့ရသည်။ ၁၉၃၃ ခုနှစ်တွင် ဂျာမန်ပြည်သူတို့က "အဒေါ့ဟစ်တလာ" အား အာဏာရှင်အဖြစ်ရွေးချယ်တင်မြှောက်ကြပြီး ငွေကြေးဖောင်းပွမှုပြဿနာများ ပြေလည်လာမည့် အရေးအတွက် မျှော်လင့်ချက်ထားခဲ့ကြသည်။ အလားတူ ခုနှစ် ၁၉၃၃ တွင် အမေရိကန်ခေါင်းဆောင် ဖရန့်ကလင်ရို့ဇ်ဘဲ့က အမေရိကန်ပြည်သူတို့၏ ငွေကြေးပြဿနာအရပ်ရပ်အား ပြေလည်အောင် ဖြေရှင်းပေးနိုင်ခဲ့သည်။ အကယ်၍ အမေရိကန်သည်လည်း ငွေစက္ကူများစွာ ရိုက်နှိပ်ခဲ့ပါက အနာဂတ်ကာလထိ မဆိုင်းဘဲ ချက်ချင်းလက်ငင်းငွေကြေး ပြဿနာရင်ဆိုင်ရပါမည်။ သမ္မတ"နီကွန်း" လက်ထက် ငွေကြေးပြောင်းလဲမှုပုံစံကြောင့် သမ္မတ ဘုရှ်ရာထူးလက်ခံရုံးထိုင်သည့်၂၀၀၁ ခုနှစ် ဇန်နဝါရီလကတည်းက ဒေါ်လာ ငွေတန်ဖိုး ၁၃ ဒသမ ၂ ရာခိုင်နှုန်းထိ ကျဆင်းသွားခဲ့သည်။

သမ္မတနီကွန်း၏ ငွေကြေးပုံစံအပြောင်းအလဲသည် အမေရိကန်ပြည်သူတို့ကိုသာမက အမေရိကန်အစိုးရကိုပင် ကြွေးမြီများစွာတင်ရှိစေခဲ့သည်။ ၎င်းပြင် ငွေကြေးစုဆောင်းသူများအား လက်မဲ့ဖြစ်စေပြီး မြီရှင်များအား ပိုမို ချမ်းသာသွားစေတတ်သည်။

ရှေးကျသော အရင်းရှင်စနစ်၏ ငွေကြေးဆိုင်ရာစည်းမျဉ်း မူဝါဒများအရ ငွေကြေးများစွာအား အောင်အောင်မြင်မြင် စုဆောင်းနိုင်ကြသော်လည်း ခေတ်သစ်အရင်းရှင်စနစ်စည်းမျဉ်း မူဝါဒများအရ ငွေကြေးအား အရှင်ကစားနိုင်မှသာ အမြတ်စွန်းများများဖြင့် အောင်မြင်နိုင်ကြမည် ဖြစ်သည်။ အကယ်၍ ငွေကြေးအား အရှင်သဘောလည်ပတ်စီးဆင်းနိုင်မှုရပ်

mgyoe.com

ဆိုင်းသွားခဲ့ပါက ငွေကြေးတန်ဖိုးတစ်စထက်တစ်စ လျော့ကျသွားမည်ဖြစ်သည်။ ငွေကြေးတန်ဖိုးများကို လေ့လာပါက ရွှေ၊ ရေနံ၊ ငွေ၊ အိမ်ရာ စတော့တို့ကဲ့သို့ ခိုင်မာသော တန်ဖိုးဖြစ်စေရန်ထိန်းနိုင်သမျှ ထိန်းပေးရမည်ဖြစ်သည်။

၁၉၇၁ ခုနှစ်အတွင်း အမေရိကန်၌ ငွေကြေးဖောင်းပွမှုများ ဖြစ်ပေါ်ခဲ့ပြီး ငွေကြေးထိန်းချုပ်မှုစနစ်အား မပြောင်းလဲနိုင်သောကြောင့် ကြွေးမြီတင်ခဲ့ရသည်။

၎င်းပြင် အဆိုပါ၁၉၇၁ ခုနှစ်မှာပင် ငွေကြေးစနစ်အပြောင်းအလဲကြောင့် အိမ်ခြံမြေဈေးနှုန်းများ ခေါင်ခိုက်ပြီး ဒေါ်လာငွေတန်ဖိုးလည်း အံ့သြဖွယ်ကောင်းသော အခြေအနေထိ ကျဆင်းခဲ့ရသည်။ တစ်ဖန် ရင်းနှီးမြှုပ်နှံသူများက ၎င်းတို့၏ ပိုင်ဆိုင်မှု ငွေကြေးမှန်သမျှအားလုံး လုံခြုံစိတ်ချအောင် ထိန်းချုပ်လာကြခြင်းကြောင့် စတော့ဈေးကွက်မြင့်တက်သွားခဲ့သည်။ ထိုကာလအတွင်း အိမ်ပိုင်ရှင်များအားလုံးအတွက် ၎င်းတို့ လက်ဝယ်ရှိ (ငွေကြေးလုံခြုံစိတ်ချမှုဖြစ်စေသည့်) အိမ်တန်ဖိုးများ တစ်စထက်တစ်စ မြင့်တက်လာစေခဲ့သည်။

ထို့ကဲ့သို့ နေထိုင်စရာ အိမ်တန်ဖိုးများမြင့်တက်လျက် လခအနည်းငယ်သာရရှိသော အလုပ်သမားဆင်းရဲသားများအတွက် ခက်ခဲပင်ပန်းမှုများ ပိုမို ဖြစ်စေခဲ့သည်။

၁၉၇၄ ခုနှစ်မတိုင်မီ ကာလများအတွင်း အမေရိကန်၌ ငွေကြေးဆိုင်ရာစည်းမျဉ်းဥပဒေအပြောင်းအလဲများ ပေါ်ပေါက်ခဲ့သည်။ ထိုကာလအတွင်း အလုပ်သမားများ၏ အငြိမ်းစားလစာခံစားခွင့်အတွက် အထူးအလေးပေးဆောင်ရွက်ခဲ့ကြသည်။ ထို့အတွက် အငြိမ်းစားဝန်ထမ်းတစ်ဦးချင်းစီအား အသက်ရှင်နေသမျှကာလပတ်လုံးထိ အကျိုးခံစားခွင့်ရှိရန် စည်းမျဉ်းဥပဒေ သတ်မှတ်နိုင်ခဲ့သည်။ သို့သော်လည်း ၁၉၇၄ ခုနှစ်နောက်ပိုင်း၌ အငြိမ်းစားလစာခံစားခွင့်နှင့် ပတ်သက်၍ ဥပဒေသစ်တစ်ရပ် ပေါ်ပေါက်ခဲ့သည်။ ထိုဥပဒေအရ အသက်ရှင်နေသမျှ ကာလပတ်လုံးအတွက် အကျိုးခံစားခွင့်ပေးမည်မဟုတ်ဘဲ မိမိအကျိုးခံစားခွင့်အလိုက် တစ်လုံးတစ်ခဲတည်း (တစ်ခါတည်း) ပေးသွားမည့်စနစ်ပင်ဖြစ်သည်။

mgyoe.com

mgyoe.com


ယနေ့ခေတ် အမေရိကန်သတင်းစာများ၌ "အမေရိကန်တို့အား ခြိမ်းခြောက်နေသော အစွန်းရောက် အကြမ်းဖက်များထက် အငြိမ်းစားယူပြီး နောက်ပိုင်းငွေကြေးပြတ်လပ်မှုက ပို၍ကြောက်မက်ဖွယ်ကောင်းနေသည်" ဟု ရေးသားဖော်ပြတတ်ကြောင်း လေ့လာတွေ့ရှိရသည်။ ယင်းမှာ အမေရိကန်ပညာရေးစနစ်၌ ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ပတ် သက်၍ တွင်ကျယ်စွာ သင်ကြားနိုင်မှုမရှိသေးကြောင်း ဖော်ပြနေပါတယ်။အကယ်၍ အမေရိကန်ကျောင်းများ၌ ငွေကြေးဆိုင်ရာ အသိပညာ၊ ဗဟုသုတ များ အနည်းငယ်စီ သင်ပြပေးနိုင်သည်ဆိုပါက ကျောင်းသားများအနေဖြင့် ၎င်းတို့ ငွေကြေးသုံးစွဲမှုတိုင်း၌ စနစ်တကျတွက်ချက်လေ့လာနိုင်ကြမည် ဖြစ်သည်။

## အမေရိကန် အစိုးရအတွက် ငွေကြေးလုံခြုံစိတ်ချမှုစနစ်

နိုင်ငံတစ်ခု အစိုးရတစ်ခု၏ ငွေကြေးလုံခြုံစိတ်ချမှုအတွက် သင့်တင့်ကိုက်ညီသော မူဝါဒမထားရှိပါက အနာဂတ်ကာလငွေကြေး ပြဿနာ အမျိုးမျိုးနှင့် ရင်ဆိုင်ရမည်သာဖြစ်သည်။

၂၀၀၈ ခုနှစ်အတွင်း ၇၈ သန်း အရေအတွက်ရှိ အလုပ်သမားများ အငြိမ်းစားယူခဲ့သော်လည်း ၎င်းတို့ဘဝ ရှင်သန်ရပ်တည်ရေးအတွက် လုံလောက်သော ငွေကြေးမရရှိခဲ့ပါ။ ထိုကာလနှစ်များအတွင်း အမေရိကန် တာဝန်ယူဖြေရှင်းရမည့် လူမှုဘဝလုံခြုံရေးအတွက် ကုန်ကျခံဖြေရှင်းရမည့် ငွေပေါင်းမှာ ဒေါ်လာ ၁၀ ထရီလီယံထိ ရှိခဲ့ပြီး ကျန်းမာရေး စောင့်ရှောက်မှုနှင့် ဆေးကုသမှုအတွက် ကုန်ကျငွေတန်ဖိုးမှာ ဒေါ်လာ ၆၄ ထရီလီယံထိ ရှိခဲ့သည်။ အထက်ဖော်ပြပါ ကုန်ကျငွေပေါင်း ၇၄ ထရီလီယံသည် အမေရိကန်အစိုးရက အငြိမ်းစားဝန်ထမ်းများအတွက် ပေးဆောင်ရမည့် ငွေကြေးပမာဏဖြစ်ပြီး ထိုငွေပမာဏသည် ကမ္ဘာ့စတော့ရှယ်ယာ ဈေးကွက်များအားလုံးမှရရှိသော ငွေပေါင်းထက်ပိုများနေကြောင်း လေ့လာတွေ့ရှိရသည်။ ထို့ကဲ့သို့ ကြီးမားသော ငွေကြေးဆိုင်ရာ ပြဿနာများအား ငွေကြေးဆိုင်ရာ ပညာဗဟုသုတရှိမှသာ ရင်ဆိုင်ဖြေရှင်းနိုင်မည် ဖြစ်သည်။ အကယ်၍ ဖော်ပြပါပြဿနာအား ပြေလည်စေလိုသောသဘောဖြင့် ငွေ

mgyoe.com

mgyoe.com


ပမာဏများစွာ အသုံးချလိုက်မည်ဆိုပါက ငွေကြေးအဆမတန် ဖောင်းပွမှု ဖြစ်လာပြီး လက်ရှိပြဿနာထက် ပိုမိုဆိုးသွားမည်ဖြစ်သည်။ ၎င်းပြင် ငွေကြေးဖောင်းပွမှုနှုန်းမြင့်တက်လာပါက ဒေါ်လာငွေတန်ဖိုး"Zero" အထိ လျော့ကျသွားနိုင်မည်ဖြစ်သည်။

ဘာကြောင့် ချမ်းသာပြီးရင်း ချမ်းသာကြသလဲ

ငွေကြေးစနစ်ပြောင်းလဲမှုမကြာခဏဖြစ်ပေါ်စေခြင်းဖြင့် လက်ရှိ ကာလအခြေအနေထက် ပိုမိုဆင်းရဲသွားတတ်သည်။ အကယ်၍ ချမ်းသာ လိုသူဖြစ်ပါက ငွေကြေးပြောင်းလဲမှုစနစ်၏ အားနည်းချက်များအားလေ့လာပြီး ၎င်းအားနည်းချက်များအား အကျိုးရှိရှိ ပြန်လည်အသုံးချနိုင်ခြင်းဖြင့် သူ တကာထက် တစ်ပန်းသာသော အခွင့်အရေးတစ်ခုကို ရရှိလာပါမည်။

ချမ်းသာသူတို့အဖို့ (သို့) ချမ်းသာရန် အခွင့်ကောင်းစောင့်နေသူ များအဖို့ ငွေကြေးပြဿနာဖြစ်လေ ၎င်းတို့အတွက် ကြီးပွားရာကြီးပွား ကြောင်း ပညာများရရှိလေ၊ ငွေကြေးပြဿနာအပေါ် ပညာရယူနိုင်လေဖြစ် ပါမည်။ ထို့ကြောင့် ချမ်းသာပြီးရင်း ချမ်းသာကြသည့် အခြေအနေကို အထက်ပါအတိုင်း ဆောင်ရွက်နိုင်မှသာ ရရှိမည်ဖြစ်သည်။

ဆင်းရဲသူများက ငွေကြေးပြဿနာကို ဘယ်လိုကိုင်တွယ်ပါသလဲ

ငွေကြေးစနစ်တစ်ခုအပြောင်းအလဲလုပ်တိုင်း အမြဲတစေခံရသည့် ဘက်တွင်သာရှိနေသည်ဟု ဆင်းရဲသူများက ယူဆကြသည်။ ဆင်းရဲသူတို့ အတွေးအခေါ်အရ ငွေကြေးများစွာ ပိုင်ဆိုင်ခဲ့ပါက ငွေကြေးဆိုင်ရာ ပြဿနာ များလည်း ပြေလည်သွားမည်ဟု ယုံကြည်ထားကြသည်။ အမှန်စင်စစ် ဆင်းရဲသူများကိုယ်တိုင်က ငွေကြေးပြဿနာများအား ဖန်တီးမိမှန်းမသိ ဖန်တီးမိခြင်းကြောင့် ဖြစ်သည်။ ဆင်းရဲသူအများစုက ငွေကြေးဆိုင်ရာ ပညာဗဟုသုတ (များသောအားဖြင့်) နည်းပါးတတ်ကြသည်။

လူလတ်တန်းစားများက ငွေကြေးပြဿနာအား ဘယ်လို ကိုင်တွယ်ပါသလဲ

ဆင်းရဲသားများက ငွေကြေးပြဿနာ၏ သားကောင်ဖြစ်နေချိန်မှာ

mgyoe.com

mgyoe.com

တွင် လူလတ်တန်းစားများက ငွေကြေး၏ အကျဉ်းသားများ ဖြစ်နေမည် ဖြစ်သည်။

ဆင်းရဲသူများက ငွေကြေးပြဿနာအား ငွေလုံးငွေရင်းများစွာဖြင့် ဖြေရှင်းတတ်သလို အလယ်အလတ်လူတန်းစားများကလည်း ကွဲပြားသော နည်းလမ်းများဖြင့် ငွေကြေးပြဿနာအားဖြေရှင်းတတ်ကြသည်။ အလယ်အလတ်လူတန်းစားများအနေဖြင့် ကျောင်းပညာရေးနှင့်အလုပ်အကိုင်တို့၌ ငွေကြေးအား စနစ်တကျ အကျိုးရှိရှိ သုံးစွဲတတ်ကြသည်။ လူလတ်တန်းစားများအသက် ၅၀ အရွယ် ရောက်ချိန်၌ ၎င်းတို့စုဆောင်းထားသော ငွေကြေးများအား မသုံးစွဲရက်ဘဲ "အသေ" ထားရှိခြင်းကြောင့် ငွေကြေး၏ အကျဉ်းသားများဖြစ်မှန်းမသိ ဖြစ်ခဲ့ရသည်။

## ချမ်းသာကြွယ်ဝသူများက ငွေကြေးပြဿနာအား ဘယ်လို ကိုင်တွယ်ပါသလဲ

ချမ်းသာကြွယ်ဝသူများအနေဖြင့် ငွေကြေးဆိုင်ရာ အသိဉာဏ်ပညာအား စနစ်တကျ သိရှိထားခြင်းကြောင့် ချမ်းသာရန်နည်းလမ်းများ အလွယ်တကူ ရှာတွေ့နိုင်ကြသည်။

ချမ်းသာရန် နည်းလမ်း (သို့) ငွေကြေးဆိုင်ရာ အသိဉာဏ်ပညာမှာ အခြေခံအားဖြင့် ၅ မျိုး ရှိသည်။ ဤစာအုပ်တွင် ငွေကြေးဆိုင်ရာ အသိပညာ ၅ မျိုးအား အဓိက ဖော်ပြပေးထားသည်။ အထက်ပါ အသိဉာဏ်ပညာ ၅ မျိုးအားကြေညက်စွာ နားလည်ထားပါက မည်သည့်ငွေကြေးပြဿနာမျိုးကိုမဆို လွယ်ကူချောမွေ့စွာ ရင်ဆိုင်ဖြေရှင်းသွားနိုင်မည် ဖြစ်သည်။

## သူတစ်ပါး၏ ငွေကြေးပြဿနာ ဖြေရှင်းရခြင်း

မိမိကိုယ်တိုင်ချမ်းသာသူများမဟုတ်သော်လည်း သူတစ်ပါး (ချမ်းသာသူ) အတွက် ငွေကြေးပြဿနာဖြေရှင်းပေးရတတ်သည်။ တစ်နည်းအားဖြင့် ချမ်းသာသောသူများအတွက် လူအများက အလုပ်လုပ်ပေးနေရခြင်းသဘောကို ရည်ညွှန်းသည်။ ဥပမာအားဖြင့် စာရင်းကိုင်ဖြစ်သူက ချမ်းသာသူတစ်ဦး၏ ငွေကြေးကိစ္စများအား ဖြေရှင်းပေးရန် အလုပ်လုပ်နေ

mgyoe.com


ရသည်ကို ဆိုလိုသည်။ အလားတူ အရောင်းဈေးသည်ဖြစ်သူသည် သူဌေးဖြစ်သူ၏ ထုတ်ကုန်များအား ရောင်းချပေးရသလို မန်နေဂျာဖြစ်သူကလည်း သူဌေး၏စီးပွားရေးလုပ်ငန်းအတွက် စီမံခန့်ခွဲပေးနေရမည်ဖြစ်သည်။ တစ်ဖန် သူဌေး၏ အတွင်းရေးမှူးဖြစ်သူသည် သူဌေး၏ ကိုယ်ရေးကိုယ်တာ အပါအဝင် စီးပွားရေးရာ ကိစ္စများအား လိုအပ်သလို လျှို့ဝှက်ထိန်းသိမ်း၍ ဖုန်းဖြေကြားရခြင်း၊ ဖုန်းခေါ်၍ ဆက်သွယ်ရခြင်း၊ သူဌေးဖြစ်သူ၏ ဖောက်သည်များနှင့် ရင်းနှီးဖော်ရွေစွာ ဆက်ဆံပြောဆိုရခြင်း ... ဟူသည့် အလုပ်များကို ဆောင်ရွက်ပေးရသည်။ ထို့အတူ သူဌေးပိုင်ဆိုင်သော ရုံးအဆောက်အအုံနှင့် စက်ပစ္စည်းများအား ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် (သီးခြားခန့်ထားသော) ဝန်ထမ်းများက ဆောင်ရွက်ပေးရသည်။

တစ်ဖန် သူဌေး၏ပြိုင်ဘက်များနှင့် ဥပဒေကြောင်းအရ ရင်ဆိုင်နိုင်ရန် သူဌေးအတွက် သီးခြားရှေ့နေတစ်ဦးထားရှိပေးရမည်ဖြစ်သည်။ သူဌေးအတွက် ငွေကြေးဆိုင်ရာနှင့် ပြဿနာအမျိုးမျိုးအား ဖြေရှင်းပေးရန် လုပ်ကိုင်နေကြသူအများစုမှာ ဆင်းရဲသားလူတန်းစားနှင့် အလယ်အလတ်လူတန်းစားများပင် ဖြစ်သည်။

**ဆင်းရဲသော ဖခင်၏ ငွေကြေးပြဿနာဖြေရှင်းပုံ**

ကျွန်တော့်ဖခင်ဟာ ငွေကြေးပြဿနာတွေ ဖြေရှင်းဖို့အတွက် ပညာတတ်ဖြစ်အောင် ကြိုးစားခဲ့ပါတယ်။ ကျွန်တော့်အဖေက ကျောင်းနေစဉ်ကာလတစ်လျှောက်လုံး ပညာကောင်းကောင်းတတ်အောင် သင်ယူခဲ့လို့ ဘွဲ့ဒီဂရီတွေ များစွာရရုံမက Ph.D ဘွဲ့ကိုပါ ရယူနိုင်ခဲ့သူ ဖြစ်ပါတယ်။ အဖေဟာ ပညာတတ်တစ်ယောက်အားကိုးလေ့ရှိတဲ့ ဘွဲ့ဒီဂရီတွေကိုကိုင်ပြီး သူနဲ့ထိုက်တန်တဲ့ အဆင့်အတန်းမြင့်ပြီး ဝင်ငွေကောင်းတဲ့ အလုပ်ကို ရဖို့ ကြိုးစားခဲ့တယ်။ အဖေဟာ ပညာတတ်ပြီး အလုပ်ကြိုးစားခဲ့ပေမဲ့ အလုပ်အကိုင်ကောင်းကောင်း (ဝင်ငွေကောင်းကောင်း) မရရှာခဲ့ပါဘူး။ ဒီတော့ သူရဲ့ ငွေကြေးပြဿနာတွေကိုလည်း ဖြေရှင်းမရနိုင်ဖြစ်ခဲ့ရတယ်။

ဘာပဲဖြစ်ဖြစ် အဖေဟာ ပညာတတ်တစ်ယောက်ဖြစ်တာကြောင့် ငွေကြေးပြဿနာတွေကိုလည်း သူ့ပညာနဲ့ပဲ ဖြေရှင်းဖို့ ရိုးရိုးကျင့် မြင့်မြင့်

mgyoe.com

mgyoe.com


ကြဲခဲ့သူတစ်ဦး ဖြစ်ပါတယ်။

## ချမ်းသာသော ဖခင်၏ ငွေကြေးပြဿနာဖြေရှင်းပုံ

ကျွန်တော့်ဖခင်ဟာ ချမ်းသာကြွယ်ဝသူတစ်ဦးပီပီ ကိုယ်တိုင်စီးပွားရေးလုပ်ငန်းတစ်ခုကို အစပြုပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကိုပါ လုပ်ကိုင်သူဖြစ်ပါတယ်။ တချို့သူတွေကတော့ အဖေက ချမ်းသာပြီးရင်း ထပ်ချမ်းသာချင်လို့ စီးပွားရေးလုပ်ငန်းတွေ တိုးချဲ့လုပ်ကိုင်တယ်လို့ မြင်ကြပါတယ်။ တကယ်တော့ အဖေဟာ ချမ်းသာရုံတစ်ခုတည်းအတွက် စီးပွားရေးလုပ်နေတာ မဟုတ်ပါဘူး။ ငွေကြေးပြဿနာတွေရဲ့ စိန်ခေါ်မှုကို သဘောကျနှစ်သက်လို့ပဲ ဖြစ်ပါတယ်။ ဒါကြောင့် အဖေဟာ အထက်ပါ စိန်ခေါ်မှုတွေကို အမြဲစောင့်နေခဲ့ပါတယ်။ အဖေဟာ အသက်ကြီးလာလေလေ ငွေကြေးဆိုင်ရာ ဂိမ်းအမျိုးမျိုးကို ကစားနိုင်လို့ ပိုပြီး စိတ်ပါလေဖြစ်ခဲ့ပါတယ်။

အဖေပြောနေကျ စကားတစ်ခွန်းရှိပါတယ်။ အဲဒါကတော့ "ငွေရှာရုံသက်သက်က ကျုပ်ရဲ့ ဂိမ်းမဟုတ်လို့ သိပ်အာရုံမထားပါဘူး" "ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေကိုသာ နည်းအမျိုးမျိုးနဲ့ ပြဿနာက ကင်းလွတ်အောင် ဖြေရှင်းချင်နေပါတယ် "... ဟူ၍ ဖြစ်ပါတယ်။

## ငွေကြေးနှင့်ပတ်သက်တဲ့ ဂိမ်းမှာ ဘယ်သူ ပါဝင်ကစားသင့်သလဲ

ချမ်းသာသူဖြစ်စေ၊ ဆင်းရဲသူဖြစ်စေ ငွေကြေးနဲ့ ပတ်သက်သောဂိမ်းများ၌ ပါဝင်သင့်သည်။ တချို့သောသူများက အလုပ်ကြိုးစားသလို ငွေကြေးဆိုင်ရာစည်းမျဉ်းစည်းကမ်းများအား လိုက်နာဆောင်ရွက်ခြင်းကြောင့် သူတကာထက် အကျိုးအမြတ် တစ်ပန်းသာခြင်းကို ရရှိကြသည်။ တချို့ကမူ ငွေကြေးဆိုင်ရာအသိဉာဏ်ပညာ ရရှိစေခြင်းထက် မိမိဘက်မှ ငွေကြေးအမြတ်အစွန်း အသာစီးရရေးကိုသာ ဦးစားပေးတတ်ကြခြင်းကြောင့် နောက်ဆုံး၌ ဆုံးရှုံးမှုများနှင့် ရင်ဆိုင်ရတတ်သည်။

ငွေကြေးနှင့်ပတ်သက်သော ဂိမ်းများ၌ ပါဝင်တော့မည်ဆိုပါက အောက်ပါမေးခွန်းများအား မှန်ကန်စွာ ဖြေဆိုနိုင်ရန် ပထမဦးစွာ လေ့ကျင့်ထားရမည်ဖြစ်သည်။

mgyoe.com

mgyoe.com

– ငွေကြေးဆိုင်ရာဂိမ်း၌ သင်သည် ကျောင်းသား (ပညာသင်) အဖြစ် ပါဝင်နေမည်လား?
– ငွေကြေးနှင့်ပတ်သက်သော ဂိမ်းအောင်မြင်ရေးအတွက် ရည်ရွယ်ချက်ဖြင့် အနစ်နာခံပါသလား?
– ငွေကြေးဆိုင်ရာ ဂိမ်းအားလေ့လာသင်ယူခြင်းနှင့် ပတ်သက်၍ စိတ်ခံစားမှုပြင်းထန်ပါသလား?
– သင့်ဘက်မှ အကောင်းဆုံးလုပ်နိုင်ဖို့ ဆန္ဒရှိပါသလား?
– သင့်အနေဖြင့် ချမ်းသာပြီးရင်း ချမ်းသာချင်တဲ့ ဆန္ဒရှိပါသလား?

အမေရိကန် ပြည်ထောင်စု၏ ၁၉၇၁ ခုနှစ်နှင့် ၁၉၇၄ ခုနှစ်တို့အတွင်း ငွေကြေးပုံစံအပြောင်းအလဲကြောင့် ကြီးမားသော ငွေကြေးဆိုင်ရာ ပြဿနာများ ပေါ်ပေါက်လာခဲ့ရသည်။ အမေရိကန်ပြည်ထောင်စုမှ စတင်ခဲ့သော ငွေကြေးဆိုင်ရာ ပြဿနာများသည် ဖြေရှင်းရန်အားနည်းချက်များ ရှိနေခြင်းကြောင့် ကမ္ဘာ့အနှံ့အပြား အလားတူပြဿနာပေါ်ပေါက်ခဲ့ရသည်။ အထူးသဖြင့် ဆင်းရဲသား လူတန်းစားနှင့် အလယ်လတ်လူတန်းစားတို့အကြား ငွေကြေးလုံလောက်မှု မရှိသည့်ပြဿနာ ကြီးထွားခဲ့ရသည်။ ထို့ကြောင့် ဆင်းရဲချမ်းသာမရွေး ငွေကြေးဆိုင်ရာ အသိဉာဏ်ပညာများ အရန်သင့် ရှိထားရန် လိုအပ်ပါတယ်။

❒

mgyoe.com

mgyoe.com

# Chapter - 2
## The Five Financial IQs
## ငွေကြေးဆိုင်ရာအသိဉာဏ်ပညာ၅မျိုး

ငွေကြေးဆိုင်ရာ အသိဉာဏ်ပညာများအား အခြေခံအားဖြင့် ၅ မျိုး ခွဲခြားလေ့လာနိုင်သည်။

*Financial IQ # 1 : ငွေကြေးများရှာဖွေခြင်း
*Financial IQ # 2 : သင့်ငွေကြေးအား ကာကွယ်ခြင်း
*Financial IQ # 3 : ရသုံးငွေအားခန့်မှန်းတွက်ချက်ခြင်း
*Financial IQ # 4 : သင့် ငွေကြေးအား ဩဇာရှိန်ဝါရှိစေခြင်း
*Financial IQ # 5 : ငွေကြေးဆိုင်ရာ သတင်းအချက်အလက်များ တိုးတက်စွာရရှိစေခြင်း ... တို့ဖြစ်သည်။

### ဘဏ္ဍာရေးဆိုင်ရာ အသိဉာဏ်နှင့် စွမ်းဆောင်နိုင်သော ဉာဏ်ရည်ဉာဏ်သွေး
### Financial Intelligence Vs Financial IQ

ငွေကြေး၊ ဘဏ္ဍာရေးဆိုင်ရာ အသိဉာဏ်ပညာနှင့် စွမ်းဆောင်နိုင်သော ဉာဏ်ရည်ဉာဏ်သွေးတို့အကြား ကွာခြားမှုရှိသည်။ ဘဏ္ဍာရေးဆိုင်ရာ အသိဉာဏ်ပညာ (Financial Intelligence)သည် ငွေကြေး (ဘဏ္ဍာ

mgyoe.com

mgyoe.com


ရေး) ဆိုင်ရာ ပြဿနာများအား ဖြေရှင်းနိုင်စွမ်းရှိသည့် စိတ်မှ ဖြစ်ပေါ်သော အသိဉာဏ်၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။

ငွေကြေးဆိုင်ရာ စွမ်းဆောင်နိုင်သော ဉာဏ်ရည်ဉာဏ်သွေးဖြစ်သည့် (Financial IQ) သည် ငွေကြေးဆိုင်ရာ အသိဉာဏ်ပညာ (Financial Intelligence) အား တိုင်းတာသော စနစ်တစ်ရပ်ပင် ဖြစ်သည်။

(Financial Intelligence) ပမာဏ မည်မျှရှိသည်ကို သိရှိရန် တိုင်းတာသော (Financial IQ) အား အောက်ပါဥပမာများအတိုင်း လက်တွေ့ အသုံးချပေးနိုင်သည်။ ဥပမာ – ကျွန်တော်သည် နှစ်စဉ်ဝင်ငွေဒေါ်လာတစ်သိန်း ($100,000) ရရှိပြီး ၂၀ ရာခိုင်နှုန်း အခွန်ဆောင်ရသည် ဆိုပါက တစ်နှစ်လျှင် ဒေါ်လာတစ်သိန်း ($100,000) ဝင်ငွေရရှိပြီး ၅၀ ရာခိုင်နှုန်း အခွန် ဆောင်ရသူထက် (Financial IQ) ပိုမိုမြင့်သည်ဟု ဆိုနိုင်ပါမည်။

အထက်ပါဥပမာတွင် အခွန်ဆောင်ပြီးနောက်ပိုင်း လုံးကနဲခဲခနဲ ကျန်ရှိသောငွေ ($80,000) ပိုင်ဆိုင်သူသည် အခွန်ဆောင်ပြီး နောက်ပိုင်း ($50,000) သာပိုင်ဆိုင်တော့သောသူထက် ငွေကြေးဆိုင်ရာ အသိဉာဏ် ပိုမိုမြင့်မားကြောင်း ကွဲပြားစွာတွေ့ရှိရသည်။

တစ်နည်းအားဖြင့် (Financial IQ) မြင့်မားသူတို့သာ ငွေကြေး အမြောက်အမြား ရှာဖွေနိုင်သည့်သဘော ထင်ရှားစွာ ပြသနေပါသည်။

## ငွေကြေးဆိုင်ရာ အသိဉာဏ်ပညာအား တိုင်းတာခြင်း 'Measuring Financial Intelligence'

### Financial IQ # 1 ; Making More money
### ငွေကြေးများစွာ ရှာဖွေခြင်း

ကျွန်ုပ်တို့အားလုံး၌ ငွေကြေးရှာဖွေမှုအတွက် ၎င်း၏ ဆိုင်ရာအသိဉာဏ်ပညာများ အခြေခံအားဖြင့်ပါရှိပြီး ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့ ငွေများများရှာနိုင်လေ ကျွန်ုပ်တို့၏ 'Financial IQ # 1' သည်လည်း တိုးတက်လာမည်ဖြစ်သည်။

တစ်နည်းအားဖြင့် တစ်နှစ်လျှင် ဝင်ငွေ ဒေါ်လာတစ်သန်း

mgyoe.com

mgyoe.com

($1,000,000) ရှိသူ (သို့) ရှာဖွေနိုင်သူသည် တစ်နှစ်လျှင် ဝင်ငွေဒေါ်လာ ၃ သောင်း ($30,000) ရှိသူ (သို့) ရှာဖွေနိုင်သူထက် Financial IQ # 1 ပိုမို မြင့်မားနေသည်ဟု ယူဆနိုင်ပါသည်။

တစ်ဖန် လူနှစ်ဦးသည် တစ်နှစ်ဝင်ငွေ ဒေါ်လာ ၁ သန်း ($100,00 00)စီ အသီးသီးရရှိကြသော်လည်း တစ်ဦးကအခွန်ငွေဆောင်သည့် တန်ဖိုး လျော့နည်းနေပါက အခွန်ငွေများစွာ ပေးဆောင်ရသူထက် ပို၍ Financial IQ ပိုမိုမြင့်မားကြောင်း သတ်မှတ်နိုင်ပါသည်။

ငွေကြေးဆိုင်ရာ အသိညဏ်ဖွံ့ဖြိုးတိုးတက်မှုရှိရန် ကျောင်းပညာရပ်များက အခြေခံကျသည်မှန်သော်လည်း ကျောင်းပညာရေး၌ ထူးချွန်ပြီး အလုပ်ကြိုးစားသည့် ဘွဲ့ထူးဂုဏ်ထူးများစွာ ရရှိထားသည့်သူများ အနေဖြင့် Financial IQဘက်၌ နိမ့်ကျနေတတ်ကြောင်းကိုယ်ပိုင်စီးပွားရေး လုပ်ငန်းများလောက၌ နောက်ကောက်ကျနေတတ်ကြောင်း သင်ခန်းစာ အဖြစ် မှတ်ယူရမည်ဖြစ်သည်။

## Financial IQ # 2 ; Protecting Your Money

### သင့်ငွေကြေးအား ကာကွယ်ခြင်း

ရိုးရှင်းသော အမှန်တရားအတိုင်းဖော်ပြမည်ဆိုပါက သင့်ငွေကြေးအား တစ်ကမ္ဘာလုံး မည်သူကမှ အကြောင်းမဲ့ ရယူနိုင်ခြင်း မရှိပါ။ သို့သော်လည်း ဥပဒေလက်တစ်လုံးကြား မသမာသော နည်းလမ်းအမျိုးမျိုးကြောင့် နစ်နာဆုံးရှုံးခြင်း မခံရစေရန် မိမိငွေကြေးအား စနစ်တကျကာကွယ်နိုင်ရန် လိုအပ်သည်။ ကျွန်ုပ်တို့၏ ငွေကြေးဆုံးရှုံးနစ်နာမှုများ၌ အစိုးရမှ တရားဝင်စည်းကြပ်ကောက်ခံသော အခွန်ငွေများက တစ်စိတ်တစ်ပိုင်း ပါဝင်လျက်ရှိသည်။

အကယ်၍ မည်သူမဆို Financial IQ # 2 နိမ့်ကျနေသည်ဆိုပါက ထိုသူသည် အစိုးရအား အခွန်ငွေများစွာ ပေးဆောင်ရသူသာ ဖြစ်သည်။

အခွန်ငွေ ၂၀ ရာခိုင်နှုန်းပေးဆောင်ရသူနှင့် အခွန်ငွေ ၃၅ ရာခိုင်နှုန်း ပေးဆောင်ရသူတို့အား နှိုင်းယှဉ်ပါက အခွန်ငွေ ၂၀ ရာခိုင်နှုန်းသာ ပေးဆောင်ရသောသူက 'Financial IQ' ပိုမို မြင့်မားသူဖြစ်ပါမည်။

mgyoe.com

mgyoe.com


## Financial IQ # 3 ; Budgeting Your Money
## ရသုံးငွေအား ခန့်မှန်းတွက်ချက်ခြင်း

ရသုံးငွေခန့်မှန်းတွက်ချက်ရာ၌ Financial Intelligence(ငွေကြေးဆိုင်ရာအသိဉာဏ်ပညာ) များစွာ လိုအပ်သည်။

လူအများစုသည် ရသုံးငွေခန့်မှန်းတွက်ချက်ရာ၌ ချမ်းသာသောသူများတွက်ချက်ပုံထက် ဆင်းရဲသောသူများ တွက်ချက်ပုံအတိုင်း ခန့်မှန်းတွက်ချက်နေကြသည်ကို လေ့လာတွေ့ရှိရသည်။

တစ်ဖန် လူအများစုသည် ငွေကြေးပမာဏများစွာ ရှာဖွေရရှိလာသော်လည်း များများ မစုဆောင်းနိုင်သော အခြေအနေကို ဖန်တီးတတ်ကြသည်။ ဥပမာအားဖြင့် လူတစ်ဦးသည် တစ်နှစ်လျှင် ($70,000) ခန့်သုံးစွဲသည်ဆိုပါက တစ်နှစ်လျှင် ($30,000) ဝင်ငွေရှိပြီး ($25000) ဖြင့်လောက်ငစွာ ရပ်တည်ကာ ($5000) ရင်းနှီးမြှုပ်နှံတတ်သူထက်ပို၍ Financial IQ # 3 နိမ့်ကျနေကြောင်း နှိုင်းယှဉ်လေ့လာနိုင်ပါသည်။ ထို့ကြောင့် ရသုံးငွေခန့်မှန်းတွက်ချက်ရာ၌ (Financial Intelligence) ၏ အတိုင်းအတာကို ဖော်ပြသော (Financial IQ) ၏ အခန်းကဏ္ဍအရေးပါကြောင်း မှတ်သားရမည်ဖြစ်သည်။

## Financial IQ # 4 ; Leveraging Your Money
## သင့်ငွေကြေးအား ဩဇာရှိန်ဝါရှိစေခြင်း

ရသုံးငွေအား ခန့်မှန်းတွက်ချက်ခြင်းဖြင့် ထွက်ပေါ်လာသော အပိုငွေ (Surplus) များ ရှိနေပါက (Mutual funds) နှင့် ဘဏ်များ၌ စုဆောင်းသိမ်းဆည်းထားနိုင်သည်။ (Mutual funds) ဆိုသည်မှာ အသင်းဝင်များက မိမိတို့ဆန္ဒအလျောက် အစုရှယ်ယာဝယ်ယူရောင်းချနိုင်ရန် ရင်းနှီးမြှုပ်နှံပေးသော လုပ်ငန်း၊ ကုမ္ပဏီများကို ဆိုလိုသည်။

Financial IQ # 4 သည် ရင်းနှီးမြှုပ်နှံငွေမှ ရရှိလာသော အကျိုးအမြတ်နှင့် ငွေကြေးဆိုင်ရာ အမျိုးမျိုးသော သတင်းအချက်အလက်များအား ငွေကြေးဆိုင်ရာ အသိဉာဏ်ဖြင့် တိုင်းတာနိုင်စွမ်းကို အဓိက ရည်ညွှန်းသည်။

mgyoe.com

ဥပမာအားဖြင့် လူတစ်ဦးသည် ၎င်း၏ ရင်းနှီးမြှုပ်နှံငွေမှ ၅၀ ရာခိုင်နှုန်းရရှိသည်ဆိုပါက ရင်းနှီးမြှုပ်နှံငွေမှ ၅ ရာခိုင်နှုန်းသာ ရရှိသောသူထက် Financial IQ # 4 ပိုမို မြင့်မားသည်ဟု ကောက်ချက်ချနိုင်ပါသည်။ တစ်ဖန် လူတစ်ဦးသည် ၎င်းရရှိသော ငွေအပေါ် ကောက်ခံသည့် အခွန်ငွေ ၅၀ ရာခိုင်နှုန်း ကင်းလွတ်ခွင့်ရရှိသည်ဆိုပါက အခွန်ငွေ ၃၅ ရာခိုင်နှုန်း ပေးဆောင်ရသူထက် Financial IQ # 4 ပိုမြင့်မားကြောင်း ခွဲခြားနိုင်ပါသည်။

လူအများစုအနေဖြင့် ရင်းနှီးမြှုပ်နှံငွေ များများထားရှိမှသာ အမြတ်အစွန်းများများ ရရှိမည်ဟု တွေးထင်တတ်ကြသည်။ အမှန်စင်စစ် မိမိလုပ်ကိုင်နိုင်စွမ်းရှိသည်ထက်ပို၍ များများ မစွန့်စားမိစေရန်သာ (Financial Intelligene) အရ မှန်ကန်မည်ဖြစ်သည်။ (အရေးကြီးသော အချက်မှာ သင့်ငွေကြေးအား ဩဇာရှိန်ဝါရှိစေခြင်းပင်ဖြစ်သည်။

## Financial IQ # 5 ; Improving your financial information
## ငွေကြေးဆိုင်ရာ သတင်းအချက်အလက်များ တိုးတက်စွာရရှိစေခြင်း

သင့်ငွေကြေးဩဇာရှိန်ဝါ ရှိစေရန်နှင့် ငွေကြေးဆိုင်ရာ အသိဉာဏ်ပညာများ ပွင့်လန်းလာစေရန် ငွေကြေးဆိုင်ရာ သတင်းအချက်အလက်များစွာ ရရှိရန် အရေးတကြီး လိုအပ်ပါသည်။

မည်သူမဆို Financial IQ အားနည်းနေပါက အသစ်အသစ်သော ငွေကြေးဆိုင်ရာ သတင်းအချက်အလက်များ ရရှိလာချိန်၌ အာရုံထွေပြားသွားနိုင်ပါသည်။ ငွေကြေးဆိုင်ရာ သတင်းအချက်အလက်များ တိုးတက်စွာ ရရှိရေးအတွက် ဆင်းရဲသော နိုင်ငံများ၏ ငွေကြေးစနစ်နှင့် ချမ်းသာသော နိုင်ငံများ၏ ငွေကြေးစနစ်အား အခြေခံကျကျ လေ့လာထားရန် လိုအပ်သည်။

## ကျွန်ုပ်တို့တွင်ရှိသော အခြား IQ များ

ကျွန်ုပ်တို့ အားလုံး၌ အစစအရာရာ ကွဲပြားခြားနားချက်များစွာ ရှိနေကြသည်။ ယင်းတို့မှာ ကွဲပြားသောစိတ်ဝင်စားမှု ဝါသနာ၊ ကြိုက်ခြင်း၊

mgyoe.com

mgyoe.com


မကြိုက်ခြင်းဖြစ်သောအရာ၊ အားသာချက်၊ အားနည်းချက် အထုံပါရမီနှင့် ပင်ကိုထက်မြက်နေသော ဉာဏ်ရည်ဉာဏ်သွေးများပင် ဖြစ်သည်။

(Financial Intelligence)၏ အဓိပ္ပာယ်အား သေချာစွာ လေ့လာပါက ငွေကြေးနှင့် မကင်းလွတ်နိုင်သည့် လောကကြီးအတွင်း ကျွန်ုပ်တို့ သေချာစွာ လေ့လာနားလည်ထားရန် အရေးတကြီး လိုအပ်နေသော အရာဖြစ်ကြောင်း မှတ်ယူနိုင်ပါသည်။

ထက်မြက်သောဉာဏ်ရည် Intelligence အား လေ့လာပါက ဆေးဝါးပညာနှင့်ဆိုင်သော Intelligence ငွေကြေးနှင့် စပ်ဆိုင်သော Intelligence... စသည်ဖြင့် အမျိုးမျိုး ကွဲပြားနေကြောင်းတွေ့ရှိရပါမည်။ စာရေးသူအနေဖြင့် Intelligence အားလုံးထဲ၌ ငွေကြေးနှင့် စပ်ဆိုင်သော Intelligence က အရေးကြီးဆုံးဖြစ်ကြောင်း ကောက်ချက်ချထားသည်။

အကယ်၍ သင်သည် ငွေကြေးကိစ္စမှန်သမျှအား ဘဝတစ်သက်တာအတွက် အရေးမကြီးဟု ယူဆထားခဲ့ပါက သင့်ဘဝရှိ အရေးပါသော ကိစ္စများအား ငွေကြေးဆိုင်ရာ ပြဿနာများက မကောင်းသော အကျိုးတရားအဖြစ် သြဇာသက်ရောက်နေမည် ဖြစ်သည်။

### အခြား အရေးပါသော Intelligence ပုံစံများ

## 1. Academic Intelligence

### ပညာရေးနှင့်ဆိုင်သော အသိဉာဏ်

ပညာသည် ကျွန်ုပ်တို့အား စာရေးခြင်း၊ စာဖတ်ခြင်း၊ သင်္ချာ တွက်ချက်ခြင်း၊ ကွန်ပျူတာအချက်အလက်များ စုစည်းနိုင်ခြင်းဟူသော စွမ်းရည်များအား ပေးစွမ်းနိုင်သည်။ အထက်ပါပညာရေးနှင့် ဆိုင်သော အသိဉာဏ်ပညာ 'Intelligence' သည် အရာရာအကောင်းအဆိုး၊ အဖြူ၊ အမည်း ကွဲပြားအောင် ခွဲခြမ်းစိတ်ဖြာသိမြင်နိုင်သည့် အသိဉာဏ်ကိုပါ ပေးစွမ်းနိုင်ခြင်းကြောင့် အရေးပါသော 'Intelligence' အဖြစ် မှတ်ယူနိုင်ပါသည်။

mgyoe.com

mgyoe.com


## 2. Professional Intelligence

## ကြေးစားအဆင့် ကျွမ်းကျင်သော အသိဉာဏ်

လုပ်ငန်းကျွမ်းကျင်မှုဖြင့် ဝင်ငွေကောင်းစွာ ရရှိအောင် စွမ်းဆောင်နိုင်သည့် အသိဉာဏ်အဆင့်အတန်းတစ်ခုကို ဆိုလိုသည်။ ဥပမာအားဖြင့် ဆရာဝန် (ဒေါက်တာ) များသည် ကျွမ်းကျင်သော ဆေးပညာသည်၊ ဆေးပညာရှင်များဖြစ်သည်အထိ နှစ်ပေါင်းများစွာလေ့လာခဲ့ခြင်းကြောင့် ကြေးစားအဆင့် ကျွမ်းကျင်သော (ဆေးပညာ) အသိဉာဏ်များ ပိုင်ဆိုင်လာခြင်းကို ဆိုလိုသည်။

ဆရာဝန်တစ်ဦး၏ ကျွမ်းကျင်မှုကြောင့် ရေရှည်တည်တံ့ခိုင်မြဲသော ဝင်ငွေနေ့စဉ်ရရှိပြီး ငွေကြေးဆိုင်ရာ ပြဿနာအဝဝကိုလည်း ရင်ဆိုင်ဖြေရှင်းနိုင်မည်ဖြစ်သည်။ Professional Intelligence တွင် ပါဝင်သည့် အောက်ပါအကြောင်းအရာများကိုလည်း လေ့လာဆည်းပူးနိုင်သည်။

အကယ်၍ ကျွန်ုပ်စီးသောကားပျက်နေသည်ဆိုပါက ကားပြင်မည့် မက္ကင်းနစ်အား ပြင်ဆင်ခ (ကျသလောက်) ကျေနပ်စွာပေးပြီး ကောင်းသွားသည့် ကားကို စီးရသည်မှာ တရားမျှတပါသည်။ ကားပြင်ဆရာ (မက္ကင်းနစ်) သည် ကားအား ကြေးစားအဆင့် ကျွမ်းကျင်စွာပြင်ဆင်နိုင်ခြင်းကြောင့် Professional Intelligence ပိုင်ဆိုင်သူတစ်ဦးပင်ဖြစ်သည်။ ထို့အတူ ကျွန်ုပ်၏ အိမ်တော်ထိန်းသည် ဇနီးဖြစ်သူ၏ ငွေကြေးဆိုင်ရာ ပြဿနာများအား ကူညီဖြေရှင်းပေးနိုင်ခြင်းကြောင့် အိမ်ထောင်မိသားစုနှင့်ဆိုင်သော Professional Intelligence တစ်ဦးပင် ဖြစ်သည်။

တစ်ဖန် ကျွန်ုပ်၏စီးပွားရေးလုပ်ငန်းအတွင်း အမျိုးမျိုးသော လုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှုများအား ကျွမ်းကျင်မှုအမျိုးမျိုးရှိသော သူများက သူ့နေရာနှင့်သူ အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးနိုင်ခြင်းသည်လည်း Professional Intelligence ကြောင့်ပင် ဖြစ်သည်။

## 3.Health Intelligence

## ကျန်းမာရေးနှင့်ဆိုင်သော အသိဉာဏ်

ကျန်းမာခြင်းနှင့် ချမ်းသာခြင်းတို့က တစ်ခုနှင့်တစ်ခု ဆက်စပ်

mgyoe.com

mgyoe.com


လျက်ရှိသည်။ ကျန်းမာခြင်းနှင့် ပြည့်စုံနေမှသာ ချမ်းသာသည့်ဘဝအရသာအား ခံစားနိုင်မည် ဖြစ်သည်။


ကျန်းမာရေးနှင့်ဆိုင်သော အသိဉာဏ်၌ အစားအစာအား ကျန်းမာရေးနှင့်အညီ စားသုံးခြင်း၊ ဘေးကင်းသော အရည်များကိုသာ သောက်သုံးခြင်း၊ စီးကရက်၊ အရက်သောက်စားခြင်းမှ ရှောင်ကြဉ်ခြင်း၊ မူးယစ်ဆေးဝါး မသုံးစွဲမိရန်သတိရှိခြင်းတို့ ပါဝင်သည်။ ကျန်းမာရေးဆိုင်ရာ အသိဉာဏ်ကင်းမဲ့သည့်မည်သူမဆို ကျန်းမာရေး ထိခိုက်နေမည်သာ ဖြစ်သည်။ ဥပမာအားဖြင့် သွားကိုက်ဝေဒနာခံစားနေရသူတစ်ဦးသည် အချိုဓာတ် လွန်ကဲစွာစားသုံးမိခြင်းကြောင့် ခံစားရသောဝေဒနာအား ပိုမိုပြင်းထန်စေရုံမက နောက်ဆက်တွဲဆိုးကျိုးအဖြစ် အဝလွန်ခြင်း၊ သွေးချို၊ ဆီးချိုခြင်းတို့ကိုပါ ဖြစ်ပေါ်စေတတ်သည်။ ကမ္ဘာ့အင်အားကြီးနိုင်ငံများအနေဖြင့် ကျန်းမာရေး နှင့်ဆိုင်သော အသိဉာဏ်ရင့်သန်လာစေရန် ငွေကြေးသုံးစွဲခြင်းထက် စစ်ပွဲများအတွက် ငွေကြေးသုံးစွဲခြင်းက ပိုမိုများပြားနေကြောင်း လေ့လာတွေ့ရှိရသည်။

## ငွေကြေးဆိုင်ရာ အသိဉာဏ်အား လူတိုင်းလိုအပ် မလိုအပ်လေ့လာခြင်း

အကယ်၍ သင်သည် တစ်သက်တာအတွက် ဖူလုံလောက်ငစွာ စားသောက်နေထိုင်နိုင်သည့်အမွေများ ရရှိထားပြီး ၎င်းငွေများအား စီးပွားရေးအရ ရင်းနှီးမြှုပ်နှံမှု မလုပ်တော့ပြီဆိုပါက ငွေကြေးဆိုင်ရာ အသိဉာဏ်မရှိဘဲ နေထိုင်ရပ်တည်နိုင်သည်။ ထို့အတူ သင်သည် မိမိထက် ချမ်းသာကြွယ်ဝသူနှင့် (စီးပွားရေးအရ) လက်ထပ်သည်ဆိုပါကလည်း ငွေကြေးဆိုင်ရာ အသိဉာဏ်မရှိဘဲ ရပ်တည်နိုင်ပါသည်။ တစ်ဖန် သင်သည် ငွေကြေးဆိုင်ရာ အသိဉာဏ်များ မွေးရာပါအထုံ ပါရမီအဖြစ် ပိုင်ဆိုင်ပြီး ငွေကြေးချမ်းသာသူဖြစ်နေပါကလည်း အထူးအထွေစိတ်ပူပန်စရာ မရှိပေ။ အလားတူပင် သင်သည် အစိုးရအတွက် နှစ်ပေါင်းများစွာ အလုပ်အကျွေးပြုခဲ့ပြီး တစ်သက်တာအတွက် ပင်စင်ငွေရရှိသည် ဆိုပါက ငွေကြေးဆိုင်ရာ အသိဉာဏ်အထူးအထွေ မလိုအပ်ပါ။

သို့သော်လည်း သင်သည် လစဉ် နှစ်စဉ်ဝင်ငွေ ပမာဏအနည်းငယ်

mgyoe.com




မှုဖြင့် ရုန်းကန်လှုပ်ရှားနေရသူဖြစ်ပါက ငွေကြေးဆိုင်ရာ အသိဉာဏ်များ မရှိမဖြစ် လိုအပ်နေမည် ဖြစ်သည်။

ငွေကြေးဆိုင်ရာ စွမ်းဆောင်နိုင်သော ဉာဏ်ရည်ဉာဏ်သွေး
(Financial IQ) ကို ဘယ်သူတွေ အများဆုံး လိုအပ်သလဲ?
( Financial IQ) အများဆုံးလိုအပ်သည့် မတူကွဲပြားသော အုပ်စု ၄ ခုအား အောက်ပါအတိုင်းဖော်ပြနိုင်သည်။

E ... သည် အလုပ်သမားများ/ဝန်ထမ်းတို့ (အုပ်စု) အား ရည်ညွှန်းသည်။ (Employee)
S ... အသေးစားစီးပွားရေး လုပ်ငန်းများအား ကိုယ်စားပြုသည်။(Small Business)
B ... အကြီးစား စီးပွားရေးလုပ်ငန်းများအား ရည်ညွှန်းသည် (Big Business)
I ... ရင်းနှီးမြှုပ်နှံသူများအား ကိုယ်စားပြုသည်။ (Investor)

"E" ကိုယ်စားပြုသော အလုပ်သမားလူတန်းစားများအနေဖြင့် ၎င်းတို့အတွက် ငွေကြေးဆိုင်ရာ အသိဉာဏ်ပညာများ လိုအပ်ကြောင်း သေချာတိကျစွာမသိရှိကြပေ။ ထို့ကြောင့်လည်း ပညာတတ်ကျောင်းဆရာများ ဘဝမှ အငြိမ်းစားယူပြီး စီးပွားရေးလောကသို့ စတင်ဝင်ရောက်သည်နှင့် ရှိစုမဲ့စုငွေများ တစ်ခဏအတွင်း ဆုံးရှုံးသွားရတတ်သည်။ ထိုအခါ ငွေလက်မဲ့ ဘဝရောက်ရှိပြီး ဆေးဝါးကုသခပင် မရှိသော ငွေကြေးပြဿနာ ရင်ဆိုင်နေရသည့် ဘဝသို့ရောက်ရှိသွားတတ်သည်။ ထို့အတူ "S" ကိုယ်စားပြု အသေးစားစီးပွားရေး လုပ်ငန်းလုပ်ကိုင်သူနှင့် "B" ကိုယ်စားပြု အကြီးစားစီးပွား

mgyoe.com

mgyoe.com

ရေးလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် မိမိတို့လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရန် (ဥပမာ – အောင်မြင်သော ကျောင်းဆရာ) နှင့် (စက်ရုံအလုပ်ရုံပိုင်ရှင်သူဌေး) ဘဝတို့အား ရေရှည်ရပ်တည်နိုင်ရန် ငွေကြေးဆိုင်ရာ အသိဉာဏ်များ ရှိထားရမည်ဖြစ်သည်။

"I" ကိုယ်စားပြု ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း လုပ်ကိုင်သူတို့အတွက် ငွေကြေးပေါ် ရင်းနှီး၍ ငွေကြေးအမြတ်အစွန်းပြန်ရရှိမည့် အခြေအနေဖြစ်ရန် ငွေကြေးဆိုင်ရာ အသိဉာဏ်ရင့်သန်နေရန် လိုအပ်သည်။

❒

mgyoe.com

mgyoe.com

# Chapter - 3

## Financial IQ ၅မျိုး (စာရေးသူ၏အတွေ့အကြုံများဖြင့်တော်ပြပါမည်)

## Financial IQ # 1 Making More Money

## ငွေကြေးများစွာရှာဖွေခြင်း

အမေရိကန်ပြည်ထောင်စု "Kings Point" တွင်ရှိသော "အမေရိကန် မားချန့် မရိမ်း အကယ်ဒမီ" (ကုန်သွယ်ရေကြောင်းတက္ကသိုလ်) ၌ ၄ နှစ်ကြာ ပညာသင်ကြားပြီးနောက် ၁၉၆၉ ခုနှစ်မှာ ကျွန်တော် ဘွဲ့ရခဲ့ပါတယ်။ ဘွဲ့ရပြီး ကျွန်တော်ပထမဆုံးအလုပ်ဝင်တဲ့ နေရာကတော့ ကယ်လီဖိုးနီးယားမှာရှိတဲ့ "Standard 0il" ရေနံကုမ္ပဏီမှာ ဖြစ်ပါတယ်။

ကျွန်တော်ဟာ ရေနံတင်သင်္ဘော (Tanker) မှာ "3rd mate" ရာထူးနဲ့ တာဝန်ထမ်းဆောင်ခွင့်ရခဲ့တယ်။ရေနံပို့ဆောင်ဖို့သွားတဲ့ သင်္ဘောလမ်းကြောင်းတွေကတော့ ကယ်လီဖိုနီးယား၊ ဟာဝိုင်အီ၊ အလက်စကာ... စတဲ့ နေရာတွေပါပဲ။ အဲဒီနေရာတွေကို ရေနံတွေတင်ပြီး လူးလာခေါက်တုံ့ (သွား – ပြန်) နေခဲ့ပါတယ်။

ကျွန်တော်ဟာ " ၇ လ အလုပ်လုပ်ပြီး ၅ လနား " ရတဲ့ စာချုပ်ပုံစံနှင့် အလုပ်လုပ်ခွင့်ရခဲ့တယ်။ ကျွန်တော့်အတွက် ရရှိတဲ့ လစာငွေကတော့ တစ်နှစ်အတွက် ဒေါ်လာ ၄ သောင်း ၇ ထောင် ($47,000) ဖြစ်ပါတယ်။ အဲဒီငွေပမာဏဟာ ယနေ့ခေတ် ငွေကြေးနဲ့ တွက်ရင် ($140,000) တန်ဖိုးနဲ့ ညီမျှပါတယ်။ ကျွန်တော်ရခဲ့ဖူးတဲ့ လစာငွေဟာ ၁၉၆၉ ခုနှစ်မှာ

mgyoe.com

mgyoe.com

ဆိုရင် ကောလိပ်ကောင်းကောင်းတက်နိုင်တဲ့ လုံလောက်တဲ့ ငွေကြေးပမာဏပါ။ အဲဒီတုန်းက ကျွန်တော့်သူငယ်ချင်းတွေ အလုပ်ဝင်တဲ့ အချိန်မှာ တစ်နှစ်ကို လစာ ($70,000) ကနေ ($250,000) ထိ ရကြပါတယ်။ ယနေ့ခေတ်ငွေကြေးပမာဏနဲ့ တွက်မယ်ဆိုရင်တော့ ($15 0,000) ကနေ ($500,000) အထိ ညီမျှပါတယ်။ အဲဒီငွေကြေးပမာဏဟာ အသက် ၂၂ နှစ်အရွယ် လူငယ်တစ်ဦး ဘဝတက်လမ်းရှာဖွေဖို့ လုံလောက်တဲ့ ငွေကြေးပမာဏပါ။

ကျွန်တော် 3rd mate ရာထူးနဲ့ အလုပ်လုပ်ပြီး ၄ လအကြာမှာ "Standard oil" ကုမ္ပဏီကနေ ကျွန်တော်ခွေတ္တထွက်လိုက်ပြီး မရိမ်းကော့ဖ်ကုမ္ပဏီနဲ့ ဆက်သွယ်လိုက်တယ်။ ဒီနောက် ကျွန်တော် ဗီယက်နမ်စစ်ပွဲကို သွားမယ့် မရိမ်းကော့ဖ် ကုမ္ပဏီပိုင်သင်္ဘောကို လိုက်ခွင့်ရလိုက်ပါတယ်။ ကျွန်တော်ရဲ့နိုင်ငံ အမေရိကန်အတွက် အလုပ်အကျွေးပြုခွင့်ရတယ်လို့ သဘောထားပြီး အဲဒီကုမ္ပဏီပိုင်သင်္ဘောနဲ့ ဗီယက်နမ် စစ်ပွဲကာလတစ်လျှောက်အချိန်ကုန်ခဲ့တယ်။

"မရိမ်းကော့ဖ်" မှာ ကျွန်တော် ဒုဗိုလ်ရာထူးနဲ့ လစာငွေ တစ်နှစ်ကို ($2.400)ရရှိခဲ့ပါတယ်။ Standard oil ကုမ္ပဏီမှာဆိုရင်တော့ တစ်လကို 7000 နီးပါးနဲ့ (၇ လစာရရှိပြီး) ၅ လ အနားယူခွင့်ရခဲ့ပါတယ်။ Standard oil ကုမ္ပဏီဟာ မျိုးချစ်စိတ်နိုင်ငံချစ်စိတ်ရှိတဲ့ ကုမ္ပဏီဖြစ်လို့လည်း ကျွန်တော်ခွေတ္တထွက်ခွင့်ရခဲ့တာပါ။ ကျွန်တော်နိုင်ငံအတွက်အလုပ်အကျွေးပြုရာရောက်တဲ့ ဗီယက်နမ်စစ်ပွဲအပြီး ကျွန်တော်အသက်ရှင်နေသေးတယ်ဆိုရင် Standard oil ကမ္ပဏီမှာ မူလရာထူးပြန်ထမ်းဆောင်ခွင့်ရဖို့ ကျွန်တော်ခွင့်တောင်းထားခဲ့တယ်။ ဒီလိုနဲ့ ကျွန်တော်လည်း နိုင်ငံတာဝန်ထမ်းဆောင်လိုက် မူလအလုပ်ကိုပြန်ဝင်လိုက်လုပ်ခဲ့တာ ငွေကြေးအတော်အတန်စုမိဆောင်းမိဖြစ်ခဲ့ပါတယ်။

ကျွန်တော်အသက် ၂၇ နှစ်အရွယ်ရောက်ချိန်မှာ ဘဝအတွက် ရွေးချယ်စရာ ၂ ခုပေါ်လာခဲ့ပါတယ်။ တစ်ခုကတော့ သင်္ဘောအရာရှိအဖြစ်ရပ်တည်မလားဆိုတာနဲ့ နောက်တစ်ခုကတော့ လေယာဉ်ပိုင်းလော့အဖြစ်ရပ်တည်မလားဆိုတာပါပဲ။ ထိုခေတ်ကာလမှာ မရိမ်းပိုင်းလော့အဖြစ်

mgyoe.com

mgyoe.com


တာဝန်ထမ်းဆောင်ရင်တစ်နှစ်ကို $32000 ရရှိပါတယ်။ အဲဒီလစာငွေဟာ Standard oil ကုမ္ပဏီက လစာငွေလောက် မပိုသာခဲ့ပါဘူး။ ကျွန်တော်ဟာ Standard oil ကုမ္ပဏီကို ပြန်မသွားဘဲ လေယာဉ်မောင်းရင် ကောင်းမလား လို့ စဉ်းစားပါသေးတယ်။ ဒါပေမဲ့ ကျွန်တော်ဟာ အခြေအနေအရ ဟိုနိုလူလူ မြို့လယ်ကောင်မှာရှိတဲ့ "Xerox corporation" ခေါ်တဲ့ နာမည်ကြီး ကုမ္ပဏီနဲ့ဆက်သွယ်ပြီး အရောင်းဈေးသည်အဖြစ် တစ်လကို $720 နဲ့ သဘောတူစာချုပ်ခဲ့ပါတယ်။ "ဟိုနိုလူလူ" လို လူနေမှုစရိတ် မြင့်မားတဲ့ မြို့ကြီးမှာ အဲဒီလစာငွေနဲ့ လောက်ငအောင် မနည်းရုန်းကန်ရပါတယ်။ ကျွန်တော်ဟာ အရောင်းဈေးသည်တစ်ယောက်မှာ ရှိရမယ့် အရည်အချင်း တွေ လျော့နည်းနေလို့ သင်တန်းစေလွှတ်ခံရပါတယ်။

ကျွန်တော်ဟာ Xerox ကုမ္ပဏီအတွက် ၁၉၇၄ ကနေ ၁၉၇၈ ခုနှစ်ထိ ၄ နှစ်တာ အလုပ်လုပ်ပေးနေတဲ့ အချိန်အတောအတွင်း ပထမ ၂ နှစ်မှာ အရောင်းဈေးသည်ပညာမကျွမ်းကျင်လို့ အလုပ်ပြုတ်လုနီးပါး ပြဿနာပေါ် ခဲ့ရတယ်။ လခစားအနေနဲ့သာ အလုပ်လုပ်တာချင်း အတူတူ အရောင်းဈေးသည်က ဆက်ဆံရေးတစ်ခုကောင်းနေအောင် အရေးတကြီး ကြိုးစားရပါတယ်။

ကျွန်တော်ဟာ အရောင်းဈေးသည်တို့ တက်ရောက်သင်ကြားရမည့် သင်တန်းကို တက်ပြီးနောက်မှာ သင်တန်းကပို့ချလိုက်တဲ့ ငွေကြေးဆိုင်ရာ အသိဉာဏ်ပညာတွေအများကြီး ရခဲ့ပါတယ်။ ကျွန်တော်သင်္ဘောအရာရှိ ပဲဖြစ်ဖြစ်၊ လေယာဉ်မှူးပဲဖြစ်ဖြစ် မိမိရထားတဲ့ ငွေကိုစနစ်တကျ စီမံသုံးစွဲ နိုင်စွမ်းမရှိရင် ငွေကြေးပြဿနာတွေကို ဖြေရှင်းနိုင်စွမ်းရှိတဲ့ Financial IQ ကိုမသိရင် ဘဝတစ်သက်တာရပ်တည်မှုမှာ ငွေကြေးပြဿနာမျိုးစုံနဲ့ ရင်ဆိုင်ရမယ်ဆိုတာကောင်းကောင်းကြီး သိသွားခဲ့ပါတယ်။ ဒါကြောင့် ငွေ ကြေးပြဿနာတွေကို အခြေခံကျကျ ဖြေရှင်းနိုင်ဖို့ မည်သူမဆို Financial IQ #1 (ငွေကြေးများစွာရှာနိုင်အောင်) ကြိုးစားရပါမယ်။

ကျွန်တော်ဟာ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းတစ်ခုကို တည်ထောင် ခဲ့ပါတယ်။ ကျွန်တော့်စီးပွားရေးကတော့ လက်ရာသေသပ်ကောင်းမွန် အောင် ချုပ်ထားတဲ့ပိုက်ဆံအိတ်တွေ ဈေးကွက်မှာဝင်ဆံ့ဖို့ပါပဲ ...

mgyoe.com

mgyoe.com


ဘယ်သူရဲ့ စီးပွားရေးလုပ်ငန်းပဲဖြစ်ဖြစ် အကြောင်းမညီညွတ်ရင် အချိန်တိုအတွင်း ပြိုကွဲပျက်စီးသွားတတ်ပါတယ်။ အချို့လုပ်ငန်းတွေက အမြတ်နည်းပါးပြီး အချို့ကတော့ လုံးဝကို ရှုံးသွားတာတွေလည်း ရှိပါတယ်။ စီးပွားရေးလောကရဲ့ ဖြစ်စဉ် သံသရာအရ အချို့က သန်းချီချမ်းသာတဲ့သူတွေ စီးပွားအရှာကောင်းသူတွေဖြစ်ပေမယ့် မမျှော်လင့်ဘဲ စီးပွားကျ သွားတတ်ပါတယ်။ ငွေကြေးမြောက်မြားစွာဆုံးရှုံးမှုရယ်၊ ဂုဏ်သိက္ခာကျဆင်းမှုရယ်တို့ကြောင့် စီးပွားပြိုလဲတာနဲ့ အဝေးတစ်နေရာမှာ သွားပြီး ပုန်းအောင်းနေတတ်သူတွေများလာပါတယ်။ တစ်ကယ်တမ်းဆိုရင် ပြိုလဲသွားတဲ့ စီးပွားရေးကို ဉာဏ်ပါပါနဲ့ ပြန်ပြီး တည်ဆောက်ဖို့သင့်ပါတယ်။

ကျွန်တော်ရဲ့ ဖိနပ်လုပ်ငန်းမှာ ပြိုင်ဘက်တွေပေါများသလို အတုလုပ်တဲ့လူတွေလည်း များလှပါတယ်။ ကျွန်တော်တို့လို စီးပွားရေးလုပ်ငန်းရှင်တွေမှာ ကွဲပြားခြားနားတဲ့ အရည်အသွေး အရည်အချင်းတွေ ခွန်အားတွေနဲ့ စိန်ခေါ်မှုတွေက အစီအရီ ရှိနေပါတယ်။ ဒါကြောင့် စီးပွားပြိုင်ဘက်ချင်း ငွေအင်အားကြီးရုံမက ငွေကြေးဆိုင်ရာ အသိဉာဏ်ပညာကို အသုံးချနိုင်စွမ်းရှိဖို့ကလည်း အရေးကြီးပါတယ်။

မည်သူမဆို Financial IQ တိုးတက်မှုရရှိဖို့ ရည်မှန်းချက် ပန်းတိုင်နဲ့ စွမ်းဆောင်ရည်တို့ တစ်ထပ်တည်းကျနေဖို့လိုပါတယ်။ တစ်နည်းအားဖြင့် ဆေးပညာရှင်ဆရာဝန်ဒေါက်တာတစ်ယောက်ဖြစ်လာဖို့ ရည်မှန်းချက်အတွက် ဆေးပညာနဲ့ ဆိုင်တဲ့ကျောင်း၊ တက္ကသိုလ်တွေ ရှိနေဖို့ လိုတယ်လို့ မှတ်ယူနိုင်ပါတယ်။

## စိတ်ခံစားမှုမှ ဖြစ်ပေါ်လာသော အသိဉာဏ်

ငွေကြေးပြဿနာများအား ဖြေရှင်းရန် ငွေကြေးများစွာရှာဖွေရာ၌ ငွေကြေးဆိုင်ရာအသိဉာဏ်ရှိထားရေးက အရေးပါကြောင်းလေ့လာတွေ့ရှိရသည်။ ငွေကြေးဆိုင်ရာ အသိဉာဏ် (Financial Intelligence) သည် စိတ်ခံစားမှုမှဖြစ်ပေါ်လာသော အသိဉာဏ် (Emotional Intelligence) နှင့် ဆက်စပ်လျက်ရှိသည်။ အကယ်၍ သင်၏ စိတ်ခံစားမှုများအား ထိန်းချုပ်နိုင်ခြင်းမရှိခဲ့ပါက သင့်ငွေကြေးဆိုင်ရာကိစ္စအဝဝကိုလည်း ထိန်းချုပ်

mgyoe.com

mgyoe.com


နိုင်စွမ်း ရှိမည်မဟုတ်ပေ။ တစ်ဆက်တည်းမှာပင် သင့်ငွေကြေးဆိုင်ရာ လုပ်ငန်းတိုးတက်မှုအစီအစဉ်များလည်း ရပ်ဆိုင်းသွားမည်ဖြစ်သည်။ စိတ်ခံစားမှုမှဖြစ်ပေါ်လာသော အသိဉာဏ်သည် ငွေကြေးဆိုင်ရာအသိဉာဏ်အား မှားယွင်းသော ပုံစံအဖြစ်အသွင်ပြောင်းနိုင်သည်ကို အထူးသတိပြုရမည်ဖြစ်သည်။ ငွေကြေးများစွာရှာဖွေရမည့် အချိန်ကာလအတွင်း စိတ်ခံစားမှုအခြေအနေအနိမ့်၊ အမြင့်အားလိုအပ်သလို ထိန်းချုပ်နိုင်ရမည်ဖြစ်သည်။ "Financial Intelligence" အတွက် Emotional Intelligence မရှိမဖြစ် လိုအပ်သောကြောင့် ၎င်းတို့ ၂ ခုအား တစ်ခုနှင့်တစ်ခု ဟန်ချက်ညီအောင် ထိန်းညှိပေးရပါမည်။

လူအများစုအနေဖြင့် ၎င်းတို့၏ကြောက်စိတ်ကြောင့် အိပ်မက်စိတ်ကူးများအတိုင်း အကောင်အထည်မဖော်နိုင်ဘဲ ရှိနေတတ်သည်။ ယင်းမှာ စိတ်ခံစားမှုလွှမ်းကဲနေသော အသိဉာဏ်ကြောင့်ပင် ဖြစ်သည်။ အဆိုပါ ပုဂ္ဂိုလ်များသည် စိတ်ခံစားမှု၏ စေစားရာအတိုင်း အလုပ်စလုပ်၍ ကျရှုံးသည်နှင့် နောက်တစ်ကြိမ်မကြိုးစားတော့ဘဲ လက်လျှော့တတ်ကြသည်။ တစ်ခါတစ်ရံ မိမိတို့၏ ချွင်းချက်ကြောင့် ကျရှုံးခြင်း ရင်ဆိုင်ရသည်ကိုပင် သူတစ်ပါးအပေါ်အပြစ်ဖို့တတ်ကြသည်။ တစ်နည်းအားဖြင့် မိမိကျရှုံးမှုအတွက် မိမိတာဝန်မယူရဲသောသူများဟု ဆိုနိုင်ပါသည်။

## Making more Money
## ငွေကြေးများစွာရှာဖွေခြင်း


ငွေကြေး ချို့တဲ့မှုကြောင့် ငွေကြေးဆိုင်ရာ ပြဿနာအမျိုးမျိုး ပေါ်ပေါက်တတ်သလို ငွေကြေးများစွာ ပေါများနေပါကလည်း ပြဿနာအဖုံဖုံ ရင်ဆိုင်ရတတ်သည်။ သို့သော် ငွေကြေးများစွာရှိနေခြင်းသည် ငွေကြေးပြဿနာအား အခြေခံကျကျ ဖြေရှင်းပေးရန်အတွက် ကြားခံပစ္စည်းကောင်း တစ်ခုပင် ဖြစ်သည်။

ငွေကြေးများစွာရှာဖွေနိုင်ခြင်းနှင့်ပတ်သက်၍ အောက်ပါအုပ်စု ၄ စုအား နှိုင်းယှဉ်လေ့လာနိုင်သည်။

mgyoe.com

mgyoe.com


**E / S** **B / I**




အထက်ပါပုံများအရ E/S နှင့် B/I ဟူသော မျိုးတူရာအုပ်စု ၂ စု စီအား ယှဉ်တွဲဖော်ပြပုံကို နှိုင်းယှဉ်လေ့လာနိုင်ပါသည်။

E/S ဟူသော အုပ်စု ၂ စုတွင် အလုပ်သမားလူတန်းစားနှင့် အသေးစား စီးပွားရေးလုပ်ငန်းရှင်တို့၏ အလုပ်မှ ရရှိသော ဝင်ငွေသည် ဝင်ငွေအဖြစ် တစ်ခဏသာတည်ရှိပြီး ကုန်ကျစရိတ်အဖြစ်အလျင်အမြန် ပြောင်းလဲကာ အချိန်တိုအတွင်း (မိမိတို့ ငွေများ) အဖြစ်သို့ ရောက်ရှိသွားပုံကို သရုပ်ဖော် ပြသထားသည်။


တစ်ဖန် B/I... ဆိုသည့် အုပ်စု ၂ စုတွင် အကြီးစား စီးပွားရေးလုပ်ငန်းရှင်နှင့် ရင်းနှီးမြှုပ်နှံသူတို့က ၎င်းတို့ပိုင်ဆိုင်ထားသော "ငွေပင်ငွေရင်း" နှင့် ကြွယ်ဝထားပြီးသော အသိဉာဏ်ပညာများအား ပေါင်းစပ်အသုံးပြု၍ ဝင်ငွေအဖြစ် (မြောက်မြားစွာသော ငွေပမာဏများ) ဖန်တီးနိုင်စွမ်းရှိပုံကို သရုပ်ဖော်ပြသထားသည်။

ထို့ကြောင့် ငွေကြေးများစွာရှာလိုသူဖြစ်ပါက B/I အုပ်စု ၂ စုတို့

mgyoe.com

ကဲ့သို့ ဦးစွာရပ်တည်နိုင်မှသာ အလားအလာကောင်းမည်ဖြစ်သည်။

ချမ်းသာသူများက ဘာကြောင့်ပို၍ ချမ်းသာရသည် ... ဆိုသည်ကို အောက်ပါ Diagram ဖြင့် လေ့လာနိုင်ပါသည်။




အထက်ပါပုံအရ –

သူဌေးသူကြွယ်များအနေဖြင့် တန်ဖိုးရှိ ပိုင်ဆိုင်မှုများအား မြောက်မြားစွာသော ငွေပင်ငွေရင်းအဖြစ်သို့ ပြောင်းလဲပေးနိုင်ကြသည်။ ထို့ကြောင့်လည်းချမ်းသာပြီးရင်း ထပ်ချမ်းသာကြခြင်း ဖြစ်သည်။

ငွေကြေးပြဿနာများအား ဖြေရှင်းရာ၌ တစ်ကြိမ်တည်း တစ်ပြိုင်တည်းပြီးပြတ်သွားသည်ဟူ၍ မရှိတတ်ပေ။ ငွေကြေးပြဿနာ၏ ပင်ကိုသဘာဝအရ ပြဿနာတစ်ခုပြီးတိုင်း နောက်ထပ်ပုံစံကွဲ ပြဿနာတစ်ရပ် ပေါ်ပေါက်လာစမြဲပင် ဖြစ်သည်။ သင့်အနေဖြင့် ငွေကြေးပြဿနာများစွာ ဖြေရှင်းနိုင်လေလေ ... ချမ်းသာရန် အခွင့်အလမ်းများလေလေ ဖြစ်ပါမည်။

mgyoe.com